ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်၊ တနင်္လာနေ့၊ (2-1-2006) (၄၂၂၈)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မျိုးချစ်စိတ်ဓာတ် ပြည့်ဝသူများ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ပြန်လည်ရယူနိုင်

မြန်မာတို့သည် ရှေးနှစ်ပေါင်းများစွာကပင် ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်စာပေ၊ ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်ရိုးရာဓလေ့တို့ကို ချစ်မြတ်နိုးသည့်စိတ်၊ ကိုယ့်တိုင်းပြည်နှင့် ကိုယ့်လူမျိုးကိုထိလျှင် မခံျအောင်နာတတ်သည့်စိတ်၊ ကိုယ့်တိုင်းပြည်အတွက် ကိုယ်ကျိုးမငဲ့ဘဲ စွန့်လွှတ် စွန့်စားတတ်သည့်စိတ်ဟူသော မျိုးချစ်စိတ်ဓာတ်ဖြင့် ပြည့်ဝသူများ ဖြစ်ကြသည်။ လွတ်လပ်ရေးကို မြတ်နိုးသူများလည်းဖြစ်ကြသည်။ ဤသို့သော မျိုးရိုးဗီဇနှင့် စိတ်ဓာတ်ရှိခြင်းကြောင့်လည်း ဆုံးရှုံးခဲ့သော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်ခဲ့ခြင်းဖြစ်ပေသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာမှ-

ရွှေညောင်-တောင်ကြီး-ဆိုက်ခေါင်-နမ့်စန်-မိုးနဲ ရထားလမ်းဖွင့်ပွဲများ ကျင်းပ တိုင်းရင်းသားချစ်ကြည်ရင်းနှီးရေး ရထားလမ်းကြီးအဖြစ် ပီပြင်စွာ ပေါ်ထွက်လာ

ရန်ကုန် ဇန်နဝါရီ ၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ရွှေညောင်-တောင်ကြီး-ဆိုက်ခေါင်-နမ့်စန်-မိုးနဲ ရထားလမ်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ နမ့်စန်ဘူတာနှင့် ဆီဆိုင်မြို့နယ် ဆိုက်ခေါင်ဘူတာတို့ရှိ မင်္ဂလာမဏ္ဍပ်များ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အားပေးချီးမြှင့်ပြီး အမှာစကား ပြောကြားသည်။

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ▲

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ နမ့်စန်ဘူတာမှ စတင်ထွက်ခွာမည့် ရထားတွင် စီးနင်းလိုက်ပါကြသည့် ဒေသခံ တိုင်းရင်းသား၊ တိုင်းရင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၂-၁-၂၀၀၆
(တနင်္လာနေ့)

လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်

မြန်မာနိုင်ငံသည် ရှေးပဝေသဏီကတည်းကပင် တိုင်းရင်းသား မျိုးနွယ်ပေါင်းတစ်ရာကျော် ပေါင်းစည်းနေထိုင်လာခဲ့သည့် နိုင်ငံဖြစ်သည်။ တိုင်းရင်းသားအားလုံးသည် အသီးတစ်ရာ အညှာတစ်ခုပမာ မြန်မာနိုင်ငံသားစိတ်ဓာတ်ဖြင့် နေရာဒေသအသီးသီးတွင် နေထိုင်လျက်ရှိရာ တိုင်းရင်းသားညီအစ်ကို မောင်နှမများအကြား ရင်းနှီးချစ်ကြည်မှုနှင့် စည်းလုံးညီညွတ်မှုတို့သည် တည်တံ့ခိုင်မြဲလျက်ရှိသည်။

မြန်မာနိုင်ငံ၏ သမိုင်းကြောင်းကိုပြန်ကြည့်လျှင် နိုင်ငံတော်သည် ရှေးနှစ်ပေါင်းများစွာကပင် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှုဖြင့် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ဝင့်ထည်ထည် ရပ်တည်လာခဲ့သည်။

သို့ရာတွင် ကိုလိုနီနယ်ချဲ့တို့က မြန်မာနိုင်ငံကို ကျူးကျော်စစ်သုံးကြိမ်ဆင်နွှဲကာ မတရားသိမ်းပိုက်မှုကြောင့် မြန်မာ့အချုပ်အခြာအာဏာ ဆုံးရှုံးခဲ့ရဖူးသည်။ သူ့ကျွန်မခံလိုသော တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက စည်းလုံးညီညွတ်သောစွမ်းအားဖြင့် နယ်ချဲ့တို့အား တွန်းလှန်တိုက်ပွဲဝင်ဆင်နွှဲခဲ့ရာ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ပြန်လည်ရပ်တည်လာနိုင်ခဲ့သည်။

ယင်းကဲ့သို့ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံးတို့က အသက်သွေးချွေး များစွာရင်းနှီးပေးဆပ် စွန့်စားလျက် ရယူတည်ဆောက်ခဲ့ရသည့် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ထာဝရတည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံသားတိုင်းက အလေးထား ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရမည် ဖြစ်သည်။

၂၀၀၆ ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီ အစည်းအဝေးကို ဒီဇင်ဘာလ ၃၁ရက်နေ့က ရန်ကုန်မြို့ ဇေယျာသီရိဗိမာန် အစည်းအဝေးခန်းမ၌ ကျင်းပရာ ၂၀၀၆ ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားရာတွင် ဗဟိုကော်မတီနှင့် ဆပ်ကော်မတီ (၁၀)ခုကို ဖွဲ့စည်း တာဝန်ပေးအပ်ထားခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါ ဖွဲ့စည်းပေးထားသည့် ဆပ်ကော်မတီများအနေဖြင့်လည်း ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိနေကြပြီဖြစ်ကြောင်း၊ အစည်းအဝေးသို့ တက်ရောက်လာကြသူများအနေဖြင့် မိမိတို့ ဆပ်ကော်မတီအလိုက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများတင်ပြပြီး လိုအပ်သည်များကို ညှိနှိုင်းဆွေးနွေးကြရန် ဖြစ်ကြောင်း မှာကြားခဲ့သည်။

၂၀၀၆ ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားများကို အမျိုးသားရေးဦးတည်ချက်များနှင့်အညီ တစ်နိုင်ငံလုံးတွင် သိုက်သိုက်ဝန်းဝန်း စည်စည်ကားကား ကျင်းပသွားမည်ဖြစ်သည်။ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များအဖြစ်–

(၁) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ စုစည်းလက်တွဲ ပူးပေါင်းထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး၊

(၂) ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

(၃) နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး၊

(၄) စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံသစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံးက ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ရေး

တို့ကို ချမှတ်ပေးထားသည်။

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အမျိုးသားရေး ဦးတည်ချက်များသည် နိုင်ငံသူ၊ နိုင်ငံသားတိုင်းက ပစ္စုပ္ပန်တွင်ရော အနာဂတ်ကာလ၌ပါ စွဲမြဲယုံကြည်လေးနက်စွာ ဦးလည်မသုန် ထမ်းဆောင်ကြရမည့် အမျိုးသားရေးတာဝန်များဖြစ်ပေသည်။

သို့ဖြစ်ရာ ဘိုးဘွားများအစဉ်အဆက် အသက်နှင့်ရင်း၍ ရယူတည်ဆောက်ပေးခဲ့သည့် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရေးအတွက် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များနှင့်အညီ တိုင်းရင်းသားအားလုံးတို့က ထာဝစဉ်လက်တွဲ ပူးပေါင်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မြို့တော်ဝန်ဖလား သစ်သီးဝလံပန်းမန်ပြပွဲ ပြိုင်ပွဲဖွင့်လှစ်ပြသ

ရန်ကုန် ဇန်နဝါရီ ၁

၂၀၀၆ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မြို့တော်ဝန်ဖလား (၁၄)ကြိမ်မြောက် သစ်သီးဝလံပန်းမန်ပြပွဲ ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းနှင့် တော်ဝင်လမ်းဆုံရှိ မင်းဓမ္မပြပွဲပြိုင်ပွဲကွင်း၌ကျင်းပရာ မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း နာယကကြီးများဖြစ်ကြသည့် ဒေါ်ခင်သန်းနွဲ့၊ ဒေါ်ခင်လေးသက်၊ ဒေါ်ခင်ခင်ဝင်းနှင့် နာယကအဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဇနီး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်၊ မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း အမှုဆောင်များ တက်ရောက်အားပေးကြကာ မြန်မာနိုင်ငံ ပန်းဝါသနာရှင် အသင်းနာယကကြီးများက ဆုရရှိကြသူများအား ဆုများချီးမြှင့်ပေးအပ်ကြသည်။

သစ်သီးဝလံပန်းမန် ပြပွဲပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားပေါင်း၂၀တို့၌ ပြိုင်ပွဲဝင် ၄၄၅ခုတို့၏ ယှဉ်ပြိုင်ပြသထားမှု အခြေ အနေများကို တာဝန်ရှိသူများက လိုက်လံအကဲဖြတ် ကြည့်ရှုစစ်ဆေးကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း နာယကကြီးများ ဖြစ်ကြသည့် ဒေါ်ခင်သန်းနွဲ့၊ ဒေါ်ခင်သက်ဌေး၊ ဒေါ်မေကြည်စိန်၊ ဒေါ်ခင်အေး၊ ဒေါ်ကြည်ကြည်ဝင်းနှင့် ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်တို့က ပန်းအလှပြင်ဆင်ခြင်း၊ ပြည်တွင်းသစ်ခွ(သဇင်)၊ နှင်းဆီ၊ ပြည်တွင်းသစ်ခွ (အခြား)၊ ရွက်လှ(IN DOOR)၊ ပန်းအလှပင်၊ ပြည်ပသစ်ခွ (ဒင်ဒရိုဘီယမ်)ရာသီပန်း၊ ပြည့်သစ်ခွ(ဗင်ဒါ)၊ ပိန်းပန်း၊ ပြည်ပသစ်ခွ(ကတ်တလီယာ)၊ ရှားစောင်းပင်၊ သစ်သီးဝလံ၊ သက်ကြီးပုပင် (ဘွန်ဆိုင်း)၊ အသီးပါအပင်(ရာသီ)၊ အသီးပါ အပင်(နှစ်ရှည်)၊ ဟင်းသီးဟင်းရွက်၊ ရွက်လှ(OUT DOOR)၊ အုန်း၊ ထန်းနှင့် ကျောက်ခက်ပြိုင်ပွဲများမှ ဆုရရှိကြသူများအား ဆုချီးမြှင့်ပေးအပ်ကြပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ၂၀၀၆ ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မြို့တော်ဝန်ဖလား (၁၄)ကြိမ်မြောက် သစ်သီးဝလံပန်းမန်ပြပွဲ ပြိုင်ပွဲ တံခွန်စိုက်ဆုရ ဦးစိုးညွန့် (တော်ဝင်နှင်းဆီ)အား တံခွန်စိုက်ဆုကို ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ သစ်သီးဝလံ ပန်းမန်ပြပွဲ ပြိုင်ပွဲတွင် သစ်သီးဝလံပန်းမန်အရောင်းဆိုင်များ၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးအရောင်းဆိုင်များ၊ စိုက်ပျိုးရေးသုံးကိရိယာအရောင်းဆိုင်များကို ပုဂ္ဂလိကပန်းခြံများ၊ ဌာနဆိုင်ရာ ပန်းခြံများမှ ဆိုင်ခန်းပေါင်း ၁၂၆ခန်း ပြသထားရှိကာ စိုက်ပျိုးရေး ဝါသနာရှင် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုလေ့လာ ဝယ်ယူနိုင်ကြသည်။ (သတင်းစဉ်)

ကမ္ဘောဇနည်းပြ ဆရာဖြစ်သင်တန်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၁

လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ်ဆရာသက်ကြီး နည်းအရ သတ္တမအကြိမ် ၄၅ရက် ကမ္မဋ္ဌာန်းနည်းပြ သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ် ဇေယျဝဏ်လမ်းမကြီး ပန်းချီပန်းပုရပ်ကွက် အမှတ်(၈၈၈/၅၈)ရှိ မဟာသဒ္ဓမ္မဇောတိကဇ ဆရာကြီးဦးသန်း၏ ဓမ္မရိပ်သာ၌ ကျင်းပသည်။

ရှေးဦးစွာ အနာဂါမ် ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ် ဩဝါဒါစရိယ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပညိန္ဒာဘိဝံသထံမှ ပရိသတ်များက ရှစ်ပါးသီလ ခံယူဆောက်တည်ကြပြီး မူလဟံသာဝတီကမ္မဋ္ဌာန်းကျောင်းတိုက် ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ သာသနဇောတိကဓဇ ဘဒ္ဒန္တ ဇဝနနှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) နာယကချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပဏ္ဍိတာဘိဝံသတို့ထံမှ ဩဝါဒနှင့် ရေစက်ချ တရားနာယူကြသည်။ (က-ပ)

မေ့ဆေးပညာနှင့် သုတေသနဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁

မြန်မာနိုင်ငံ မေ့ဆေးဆရာဝန်များ အသင်းကကြီးမှူး၍ ဂျပန်နိုင်ငံမှ လာရောက်သော မေ့ဆေးပညာရှင်များက မေ့ဆေးပညာနှင့် သုတေသနဆိုင်ရာ ဟောပြောပွဲကို ဇန်နဝါရီ ၃ရက် မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီခွဲအထိ မြန်မာနိုင်ငံ ဆရာဝန်အသင်းတိုက် ခန်းမတွင်ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူတိုင်း တက်ရောက်နိုင်ရန် ဖိတ်ကြားထားကြောင်း သိရသည်။ (က-ပ)

လွတ်လပ်ရေးနေ့ ရန်ကုန်မြို့တော် အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား ဝတ်စုံပြည့်အစမ်းလေ့ကျင့်

ရန်ကုန် ဇန်နဝါရီ ၁

၂၀၀၆ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ရန်ကုန်မြို့တော် နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား ဝတ်စုံပြည့်အစမ်းလေ့ကျင့်မှုကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်၌ ကျင်းပသည်။

ရှေးဦးစွာ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ရန်ကုန်မြို့တော်အလံတင်အခမ်းအနားကို နံနက် ၄နာရီ မိနစ် ၂၀တွင်လည်းကောင်း၊ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကို နံနက် ၇နာရီတွင်လည်းကောင်း ကျင်းပသည်။

အဆိုပါ အခမ်းအနားလေ့ကျင့်ရာသို့ ၂၀၀၆ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ရန်ကုန်မြို့တော် နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကျင်းပရေး ဆပ်ကော်မတီဝင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ ဆပ်ကော်မတီအတွင်းရေးမှူး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် ဆပ်ကော်မတီဝင်များ၊ စစ်ဒေသမှူးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ မြို့နယ်များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ရန်ကုန်မြို့တော် အလံတင်အခမ်းအနားကို ကျင်းပပြီးနောက် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ (ကြည်း၊ရေ၊လေ) ဂုဏ်ပြုတပ်ဖွဲ့နေရာယူခြင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် ရဲဘော်များအား အလေးပြုခြင်း၊ သစ္စာအဓိဋ္ဌာန် လေးချက်ရွတ်ဆိုခြင်း၊ ဂုဏ်ပြုတပ်ဖွဲ့ပြန်လည်ထွက်ခွာခြင်းတို့ကို ဆောင်ရွက်ကြသည်။ (သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၃)ရပ်ကွက် (၁၄)လမ်းနေ ကွယ်လွန်သူမိဘများဖြစ်သော သခင်ခင်နှင့် ဒေါ်တင်တို့အား ရည်စူး၍ သမီးကြီး ဒေါ်မြရင်(ချောက်)က ငွေကျပ် ၃၀၀၀၀၀ကို စာရင်းစစ် ဦးစန်မင်းထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပညာရေးစုံညီပွဲတော်
(၁-၃ ဇန်နဝါရီလ ၊ ၂၀၀၆)
မြန်မာနိုင်ငံတစ်ဝန်း ကျောင်းအားလုံး ပါဝင်ဆင်နွှဲစို့

SCHOOL FAMILY DAY
(1-3 JANUARY 2006)

အစဉ်တိုးတက်လျက်ရှိသော မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍ

တပ်မတော်အစိုးရလက်ထက် ဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်

ပြည်နယ်နှင့်တိုင်းအလိုက် ဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာ

မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအရလည်းကောင်း၊ တိုင်းရင်းသားပြည်သူများ လူမှုဘဝ မြင့်မားတိုးတက်မှုအရ လည်းကောင်း၊ ပြောင်းလဲတိုးတက်လာသော ဈေးကွက်စီးပွားရေးအရ လည်းကောင်း လိုက်လျောညီထွေ တိုးတက်ပြောင်းလဲလာလျက်ရှိသည်။

တပ်မတော်အစိုးရက နိုင်ငံအတွင်းရှိ ပြည်နယ်နှင့်တိုင်းဒေသအားလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်လာစေရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် ဖွံ့ဖြိုးရေးအထူး ဒေသကြီး ၂၄ ခု စီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများကို ဖြန့်ကြက် အကောင်အထည်ဖော်လျက်ရှိသည်။

ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အခြားဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်အတူ ဆက်သွယ်ရေးလုပ်ငန်းများပါ လိုက်လျောညီထွေ တိုးတက်ပြောင်းလဲ ဖြစ်ထွန်းလျက်ရှိသည်။ ထိုသို့ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှုကြောင့် ယခုအခါ နိုင်ငံတစ်ဝန်းရှိ နယ်မြေဒေသအားလုံး ဆက်သွယ်ပြောဆိုမှု လျင်မြန်ချောမွေ့လာပြီး ဒေသဖွံ့ဖြိုး တိုးတက်ရေး၊ တိုင်းရင်းသားပြည်သူများ၏ လူမှုဘဝ မြင့်မားတိုးတက်ရေးကို ပိုမိုအထောက်အကူပြုနေပြီဖြစ်သည်။

ပြည်နယ်နှင့်တိုင်းအလိုက် တိုးတက်မြင့်မားလာသော ဆက်သွယ်ရေးလုပ်ငန်း

ပြည်နယ်နှင့်တိုင်း	၁၉၈၈			၂၀၀၅			တိုးတက်မှု		
	စာတိုက်	ကြေးနန်းရုံး	တယ်လီဖုန်းစခန်း	စာတိုက်	ကြေးနန်းရုံး	တယ်လီဖုန်းစခန်း	စာတိုက်	ကြေးနန်းရုံး	တယ်လီဖုန်းစခန်း
ကချင်	၆၄	၂၀	၁၂	၇၉	၂၈	၅၆	၁၅	၈	၄၄
ကယား	၈	၃	၃	၁၃	၁၁	၁၅	၅	၄	၁၂
ကရင်	၂၇	၇	၅	၃၃	၁၃	၂၄	၆	၆	၁၉
ချင်း	၂၉	၁၁	၈	၄၅	၂၂	၂၅	၁၆	၁၁	၁၇
မွန်	၅၈	၁၆	၁၁	၆၄	၁၈	၂၉	၆	၂	၁၇
ရခိုင်	၆၁	၁၉	၁၇	၈၁	၂၅	၄၁	၂၀	၆	၂၄
ရှမ်း	၁၀၁	၃၁	၂၇	၁၅၇	၈၈	၁၂၅	၅၆	၅၇	၉၈
စစ်ကိုင်း	၁၅၇	၃၂	၂၃	၁၅၈	၄၅	၈၅	၁	၁၃	၆၂
တနင်္သာရီ	၂၉	၉	၆	၄၆	၂၀	၂၉	၁၇	၁၁	၂၃
ပဲခူး	၁၁၅	၃၃	၃၀	၁၂၄	၄၁	၁၀၆	၉	၈	၇၆
မကွေး	၁၃၂	၂၉	၂၃	၁၄၅	၃၄	၇၅	၁၃	၅	၅၂
မန္တလေး	၁၄၀	၃၇	၂၇	၁၄၈	၄၇	၇၀	၈	၁၀	၄၃
ရန်ကုန်	၆၈	၃၂	၂၂	၁၀၃	၅၁	၇၉	၃၅	၁၉	၅၇
ဧရာဝတီ	၁၂၄	၃၁	၃၁	၁၄၂	၄၂	၉၄	၁၈	၁၁	၆၃

တပ်မတော်အစိုးရလက်ထက် ပြည်နယ်နှင့်တိုင်း ဒေသအသီးသီးတွင် ဖြန့်ကြက်ဖြစ်ထွန်းနေသော စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်းစခန်းများ တိုးတက်ဖြစ်ပေါ်လာမှုတို့ကို ဖော်ပြပါ ဇယားတွင် လေ့လာကြည့်ရှုခြင်းဖြင့် သိသာထင်ရှားစွာ တွေ့ရှိရမည်ဖြစ်ပေသည်။ ။

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် အပေါက်ဝကျေးရွာတွင် ကျေးလက်တယ်လီဖုန်း တပ်ဆင်ထားရာ ဒေသခံ ကျေးလက်ပြည်သူများ ဆက်သွယ်အသုံးပြုနေသည်ကို တွေ့ရစဉ်။

လွတ်လပ်ရေးနှင့် ဒို့တာဝန်

❒ ဒို့လွတ်လပ်ပြီ၊ ဆိုလေသည်နှင့်
ဒို့ပြည်နိုင်ငံ၊ မြဲခိုင်တည်တံ့
နေတော့အံ့ဟု၊ မခန့်အတွေး
အလေးမထား၊ သင်နေပြေးက
တစ်ပါးနှောင့်ယှက်၊ သင့်ပြည်ဖျက်မည့်
ကျင့်ပျက်ပုဆိန်ရိုး၊ အဆိုးမြင်တို့ရန်
တွန်းလှန်ဖို့ရေး၊ ကျန်နေသေးသည်
လေးထားဂရု အစဉ်သတိပြု။

❒ လွတ်လပ်ပြီးခါ၊ ကာလရှည်ကြာ
ရှိခဲ့ပါလည်း၊ စည်းလုံးညီမှု
အလေးမပြုက၊ တစ်ခဏတွင်
ပြည်ပနယ်ချဲ့၊ စွက်ဖက်ခဲ့မှု
သင့်ရဲ့နိုင်ငံ၊ သြဇာခံဖြစ်ဖို့
သူတို့ကြံတွေး၊ လုပ်မည့်ရေးကို
လေးထားဂရု အစဉ်သတိပြု။

❒ **အချုပ်အခြာ၊ ပြည့်အာဏာသည်**
ကြာရှည်တည်ရေး၊ အလေးပေးထား
တိုင်းရင်းသားချင်း၊ အကြားမထင်
အစဉ်ချစ်ကြည်၊ စည်းလုံးညီရေး
ဒို့သွေးသားတို့၊ မြစိုလက်တွဲ
မပြိုကွဲရေး၊ အရေးသုံးပါး
လေးထားဂရု အစဉ်သတိပြု။

❒ လမ်းစဉ်ခုနစ်ရပ်၊ ချမှတ်ရှေ့ခရီး
ဖွဲ့စည်းပုံဥပဒေသစ်၊ ဖြစ်ပေါ်လာရေး
စဉ်တွေးရှေးရှု၊ ပြည်ထောင်စုစိတ်
မျိုးချစ်စိတ်တို့၊ တစ်စိတ်တစ်ဝမ်း
ညီစတမ်းနော်၊ စည်းကမ်းပြည့်စေ
ဒီမိုကရေစီ၊ ပြည်သစ်တည်ဖို့
တူညီကြိုးစား၊ တိုင်းရင်းသားအားလုံး
ပေါင်းရုံးကြိုးပမ်း၊ ရွှေခရီးလမ်းဆီ
တွဲလက်ညီထား၊ အမျိုးသားရေး
လေးထားဆောင်ရွက်၊ ဦးတည်ချက်ဖြင့်
ချီတက်ကြမည်၊ မိဋ္ဌာန်တည်လို့
စည်းလုံးချစ်ကြည် နိုင်ငံတော်သစ်ဆီသို့။ ။

[(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုလျက်....]

ဖိုးရန်နိုင်(ကျောက်ကြီး)

ဆေးပဒေသာပင်

ဦးမောင်မောင်ကြီး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ(ငြိမ်း) ကွယ်လွန်ခြင်း နှစ်နှစ်ပြည့်အား ရည်စူး၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား(၁)ရပ်ကွက်၊ အောင်ဇေယျလမ်းနေ ဒေါ်ခင်မေနှင့် သား၊ သမီး၊ မြေးတစ်စုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးလှသိန်း လက်ခံယူစဉ်။ (က-ပ)

ထောက်ပံ့ပေးအပ်

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံးခန်းမ၌ အရန်သားဖွားဆရာမသင်တန်းသူများအား ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စောရွှေက ဆန်၊ ဆီနှင့် ငွေများ ထောက်ပံ့ပေးအပ်စဉ်။
(က-ပ)

ရန်ကင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီ အစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁

ရန်ကင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ၂၀၀၅ခုနှစ် မျက်နှာစုံညီ အစည်းအဝေးကို ဒီဇင်ဘာ ၃၁ရက် နံနက် ၉နာရီက ရန်ကင်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ကျင်းပရာ သဘာပတိ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်အောင်ရွှေ(တင်အောင်ရွှေ-သုတေသီ)၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးလှထွန်း (လှထွန်း-တွံတေး)နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးမြင့်ဝင်းတို့က အမှာစကားပြောကြားသည်။

ရွေးချယ်တင်မြှောက်ပွဲကို ဆက်လက်ကျင်းပရာ ဥက္ကဋ္ဌ ဦးတင်အောင်ရွှေ (တင်အောင်ရွှေ-သုတေသီ)၊ ဒုတိယဥက္ကဋ္ဌ ဦးစိုးမြင့်ထယ်(ထီလာစိုးမြင့်ထယ်)တို့ ပါဝင်သည့် အမှုဆောင်အဖွဲ့နှင့် ညီလာခံကိုယ်စားလှယ်အဖြစ် ဥက္ကဋ္ဌ ဦးတင်အောင်ရွှေ(တင်အောင်ရွှေ-သုတေသီ)နှင့် အတွင်းရေးမှူး ဦးလှတိုး(တိုးထက်)တို့ကို ရွေးချယ်ကြသည်။ (က-ပ)

အမေရိကန်တွင် သတင်းခိုးယူနားထောင်စုဆောင်းမှု တရားရေးဌာနက စတင်စုံစမ်းစစ်ဆေးလျက်ရှိ

ဝါရှင်တန် ဒီဇင်ဘာ ၃၁

အမေရိကန်ပြည်ထောင်စုတွင် စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားခဲ့ပြီးနောက် အမေရိကန်သမ္မတ ဂျော့ဂျ်ဘုရှ်၏ သဘောတူခွင့်ပြုချက်ဖြင့် အမျိုးသားလုံခြုံရေးဌာန (အင်အက်စ်အေ)ကပြည်သူများ၏ တယ်လီဖုန်းနှင့် အင်တာနက် ဆက်သွယ်မှုများကို ကြားဖြတ်ထောက်လှမ်းခဲ့သည့် လျှို့ဝှက်အစီအစဉ်နှင့် ပတ်သက်၍ ဖော်ကောင်လုပ်ခဲ့သူ မည်သူဖြစ်သည်ကို သိရှိနိုင်ရန် အမေရိကန် တရားရေးဌာနက စုံစမ်းမှုများ စတင်ပြုလုပ်နေပြီဖြစ်ကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက သောကြာနေ့တွင် ပြောကြားသည်။

အင်အက်စ်အေနှင့် ဆက်နွယ်သည့် လျှို့ဝှက်ဆောင်ရွက်ချက်များကို ပေါက်ကြားစေသည့် ဖြစ်ရပ်မှာ ဥပဒေနှင့် မညီညွတ်သဖြင့် မိမိတို့ စတင်စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေပြီဟု တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

သမ္မတဘုရှ်က ယင်းအစီအစဉ်နှင့် ပတ်သက်၍ ဒီဇင်ဘာလစောစောပိုင်းကာလက ဝန်ခံပြောကြားခဲ့ပြီး ယင်းသတင်းကို နယူးယောက်တိုင်းမ် သတင်းစာသို့ ဖွင့်ချမှုသည် ရက်ဖွယ်လိလိကိစ္စဖြစ်သည်ဟု ပြောကြားခဲ့သည်။ တရားရေးဌာနသည် အင်အက်စ်အေက သတင်းကြားဖြတ်ခိုး နားထောင်သတင်းယူသည့်ကိစ္စကို မည်သူထုတ်ဖော်ပြောကြားသည်ကို စတင်စစ်ဆေးမည်ဟု ဘုရှ်က ယူဆကြောင်း ပြောကြားသည်။

ယင်းကိစ္စကို မည်သူကစုံစမ်းစစ်ဆေးရန် တောင်းဆိုသည် သို့တည်းမဟုတ် မည်သို့မည်ပုံ ဆောင်ရွက်မည် ဆိုသည်နှင့်စပ်လျဉ်း၍တရားရေးဌာနကအသေးစိတ် ထုတ်ဖော်ပြောကြားမှုမရှိပေ။

လျှို့ဝှက်သတင်း ခိုးယူနားထောင်စုဆောင်းသည့်ကိစ္စ သတင်းစာက ထုတ်ဖော်ရေးသားမှုကြောင့် ဒီမိုကရက်ပါတီ၊ရီပတ်ဘလီကန်ပါတီနှင့် ဥပဒေပြုအမတ်များက အမေရိကန်၏ အခြေခံဥပဒေချိုးဖောက်မှု ရှိ၊ မရှိအပေါ် စိုးရိမ်မကင်းမှုများ ပေါ်ပေါက်လျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

အင်္ဂလန်အရှေ့ပိုင်းနှင့် စကော့တလန်ဒေသတို့တွင် ဆီးနှင်းများ စံချိန်တင် ကျရောက်မှုကြောင့် လမ်းများပေါ်၌ ဆီးနှင်းများ ဖုံးလွှမ်းနေသည်ကို ဒီဇင်ဘာ၃၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်ရှိ အကျဉ်းစခန်းနှစ်ခုကို စစ်ဆေးမှုပြုလုပ် ညှဉ်းပန်းနှိပ်စက်သည့် လက္ခဏာများတွေ့ရဟုဆို

ဝါရှင်တန် ဒီဇင်ဘာ ၃၁

အီရတ်နိုင်ငံတွင် ညှဉ်းပန်းနှိပ်စက်ခံရသည့် အကျဉ်းသားများဖြင့် ပြည့်လျှံနေသော မြေကတုတ်ကျင်းတစ်ခုကို မကြာမီက တွေ့ရှိခဲ့ပြီးသည့်နောက် အီရတ်အကျဉ်းစခန်းနှစ်ခုကို စစ်ဆေးမှုပြုလုပ်ခဲ့ရာ အကျဉ်းသားများ စုပြုံထားရှိပြီး ညှဉ်းပန်းနှိပ်စက်သည့်လက္ခဏာများ တွေ့ရှိခဲ့ရကြောင်း အမေရိကန်ထိပ်တန်း တပ်မှူးတစ်ဦးက သောကြာနေ့တွင် ပြောကြားသည်။

အီရတ်နှင့် အမေရိကန် စစ်ဆေးရေးမှူးများက ဘဂ္ဂဒက်အကျဉ်းစခန်းတစ်ခုကို ဒီဇင်ဘာ ၂၀ ရက်တွင် စစ်ဆေးပြီး တယ်လ်အဖာရှိ အကျဉ်းစခန်းတစ်ခုကို ဗုဒ္ဓဟူးနေ့က စစ်ဆေးခဲ့ရာ ဖော်ပြပါအတိုင်း တွေ့ရှိချက်များကို ထုတ်ဖော်ပြောကြားခြင်းဖြစ်သည်ဟု အမေရိကန်စစ်ဘက်မှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။ အမေရိကန်စစ်ဘက်က အမေရိကန်တပ်ဖွဲ့ဝင်များ ဖမ်းဆီးထားသည့် ထောင်ချီရှိသော အကျဉ်းသားများကို အီရတ်အစိုးရထံသို့ လွှဲပြောင်းပေးရန် အစီအစဉ်များ ချမှတ်ဆောင်ရွက်နေစဉ် အီရတ်အကျဉ်းစခန်းများတွင် ကျယ်ပြန့်သည့် ပြဿနာများရှိမည်ဟု ၎င်းတို့က ကောက်ချက်ချထားသည်။

အကျဉ်းသားများ စုပြုံထားမှုတွေ့ရှိရသော်လည်း ယခုလောလောဆယ်တွင် နှိပ်စက်ညှဉ်းပန်းသည့် လက္ခဏာမရှိဟု ဘဂ္ဂဒက်လုံခြုံရေးအတွက် တာဝန်ရှိသူ အမေရိကန်တပ်မှူး ဗိုလ်ချုပ် ဝီလျံစက်ဘ်စတားကပြောကြားသည်။ ယခင်အခါက နှိပ်စက်ညှဉ်းပန်းမှုရှိခဲ့သည်ဟု ပြောကြားသူ အကျဉ်းသားများရှိကြောင်း၊ အချို့ကနှိပ်စက်ခံရသည့် အထောက်အထားများပြသကြောင်း ၎င်းက ဆက်လက်ပြောကြကားသည်။ ၎င်းကနှိပ်စက်ညှဉ်းပန်းမှု လက္ခဏာများကို ထုတ်ဖော်ပြောကြားမှုမရှိပေ။ အီရတ်အစိုးရနှင့် အမေရိကန်တာဝန်ရှိ ပုဂ္ဂိုလ်များပါဝင်သည့် ကော်မတီတစ်ရပ်က အီရတ်အကျဉ်းစခန်းများနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှုများ ဆက်လက်ပြုလုပ်နေသည်ဟု ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်နိုင်ငံ တယ်လ်အဖာမြို့တွင် ကင်းလှည့်နေသော အမေရိကန်သံချပ်ကာကားတစ်စီးကို ဒီဇင်ဘာ ၃၁ ရက် တွေ့ရစဉ်။(ဓာတ်ပုံ-အင်တာနက်)



ပီရူးနိုင်ငံမြောက်ပိုင်း၌ ထူးဆန်းသောရောဂါဖြစ်ပွား ခုနစ်ဦးသေဆုံး၊ ၇၀ ကျော်ကူးစက်

လီမာ ဒီဇင်ဘာ ၃၁

ပီရူးနိုင်ငံမြောက်ပိုင်း အမေဇုန်ဒေသ အီမာဇာတောတွင်း ဒေသတွင် ထူးဆန်းသောရောဂါ ဖြစ်ပွားနေကြောင်း၊ ထိုရောဂါကြောင့် ခုနစ်ဦးသေဆုံးခဲ့ပြီး ရောဂါကူးစက်သူ ၇၃ဦးရှိကြောင်း ပီရူးကျန်းမာရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၂၈ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ ထိုရောဂါ ဖြစ်ပွားသူများတွင်တွေ့ရသော လက္ခဏာများမှာ ဖျားခြင်း၊ အားနည်းခြင်း၊ အော့အန်ခြင်း၊ ဝမ်းလျှောခြင်းနှင့် သွေးစိမ့်ထွက်ခြင်း စသည်တို့ကို တွေ့ရှိရသည်။ အဆိုပါရောဂါဖြစ်ပွားသောဒေသသို့ ရောဂါအမည်ကို ဖော်နိုင်ရန်နှင့် ရောဂါဖြစ်ပွားသူများကို ဆေးကုသမှုပေးနိုင်ရန်အတွက် ပီရူး ကျန်းမာရေးဝန်ကြီးဌာနက ကျွမ်းကျင် ဆေးဝန်ထမ်းများကို စေလွှတ်ထားသည်။***အမ်အင်အေ၊ဆင်ဟွာ။***

ဗြိတိန်တွင် ဆီးနှင်းထူထပ်စွာကျရောက်မှုကြောင့် မော်တော်ယာဉ်အစီး ၅၀ ပိတ်မိလျက်ရှိ

လန်ဒန် ဒီဇင်ဘာ ၃၁

ဗြိတိန်နိုင်ငံ နေရာအများအပြားတွင် နှင်းကျပြီး ရေခဲမတတ်အေးမြသည့် ရာသီဥတုကို သောကြာနေ့က ကြုံတွေ့ခဲ့ကြရာ ယော့ရှိုင်းယား အရှေ့ပိုင်းဒေသတစ်ခုတွင် မော်တော်ယာဉ် အစီး ၅၀ အထိ သွားလာမရဖြစ်ကာ ပိတ်မိနေကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဗြိတိန်နိုင်ငံ၏ မြောက်ပိုင်းအမြင့်ပိုင်းဒေသအချို့တွင် ထုစင်တီမီတာ ၂၀ ရှိသည်အထိ နှင်းများ ထူထပ်စွာ ကျရောက်နိုင်ဖွယ်ရှိပြီး လေပြင်းများလည်း တိုက်ခတ်နိုင်သည်ဟု သိရသည်။

နှင်းထူထပ်သိပ်သည်းစွာ ကျရောက်မှုကြောင့် ယော့ရှိုင်းယားအရှေ့ပိုင်းဒေသတွင် မော်တော်ယာဉ် အစီး ၅၀ အထိ ပိတ်မိနေသည်ဟု ဟမ်ဘာဆိုက်ရဲတပ်ဖွဲ့က ပြောကြားသည်။

မိုးလေဝသရုံးက အင်္ဂလန်အရှေ့ပိုင်းနှင့် စကော့တလန်ဒေသအများစုတွင် ရာသီဥတုဆိုးရွားနိုင်ကြောင်း သတိပေးနှိုးဆော်ထားသည်။

သောကြာနေ့တွင် နှင်းထူထပ်စွာ ကျရောက်နိုင်မည်ဖြစ်၍ သတိထားကြရန် နိုင်ငံ၏ အရှေ့မြောက်ပိုင်း၊ အရှေ့ပိုင်းနှင့် အရှေ့တောင်ပိုင်းဒေသများရှိ ယာဉ်မောင်းများအား အဝေးပြေးလမ်းဌာနက သတိပေးထားသည်။

အန္တရာယ်ဖြစ်ပေါ်စေ

နှင်းသိပ်သည်းစွာ ကျရောက်မှုကြောင့် မြင်နိုင်စွမ်းအားနည်းပါးကာ နှင်းဖုံးလွှမ်းထားသည့် လမ်းများကြောင့် အန္တရာယ်ဖြစ်စေနိုင်သည်ဟု အဆိုပါဌာနက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန်တပ်ဖွဲ့က အီရတ်ကျေးရွာတစ်ရွာပေါ်သို့ လေကြောင်းမှတိုက်ခိုက်

ဘဂ္ဂဒက် ဒီဇင်ဘာ ၃၀

အမေရိကန်တပ်ဖွဲ့က လမ်းဘေးဗုံးထောင်သူများဟု သင်္ကာမကင်းဖြစ်ရသူများအား တိုက်ခိုက်သည့်အနေဖြင့် ဂျက် တိုက်လေယာဉ်များကို အသုံးပြု၍ ပေါင် ၅၀၀ အလေးချိန်ရှိ ဗုံးနှစ်လုံးကို အီရတ်မြောက်ပိုင်းရှိ ကျေးရွာတစ်ရွာပေါ်သို့ ကြဲချခဲ့ရာ အီရတ် ၁၀ ဦး သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာများက ကြာသပတေးနေ့တွင် ပြောကြားသည်။

ကယ်လ်ကွတ်မြို့ အနောက်တောင်ဘက် မိုင် ၃၀ အကွာရှိ ဟော်ဝီဂျာမြို့အနီး ကျေးရွာငယ်တစ်ရွာတွင် ယင်းဖြစ်ရပ် အင်္ဂါနေ့က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု စစ်ဘက်က ပြောကြားသည်။

လေယာဉ်မှူးများက လေယာဉ်မောင်းနှင်နေစဉ် လူသုံးဦးက အဓိကလမ်းမကြီးဘေးတွင် ကျင်းတူးပြီး ဗုံးများမြှုပ်နေသည်ကို တွေ့မြင်ခဲ့ရသည်ဟု စစ်ဘက် ကြေညာချက်တွင် ဖော်ပြထားသည်။

ကောင်းကင်ယံမှ လေယာဉ်ပျံသံကြားရပြီးနောက် ၎င်းလူများက မော်တော်ယာဉ်အတွင်း ဝင်သွားပြီး ထွက်ပြေးခဲ့ကြောင်း၊ ၎င်းတို့၏ မော်တော်ယာဉ်သည် အခြားမော်တော်ယာဉ်တစ်စီးဖြင့် ပူးပေါင်းသွားကြစဉ် ဂျက်တိုက်လေယာဉ်က ၎င်းတို့အား မျက်ခြည်မပြတ်ခြေရာခံလိုက်ခဲ့ကြောင်း၊ ၎င်းတို့က ယာဉ်များမောင်းပြီး ကျေးရွာတစ်ရွာအတွင်း ဝင်ရောက်ခဲ့ကြောင်း၊ မော်တော်ယာဉ်ကို အဆောက်အအုံနှစ်ခုကြား ရပ်ထားပြီး ၎င်းတို့က ပုန်းအောင်းရန်ကြိုးစားခဲ့ကြကြောင်းကြေညာချက်တွင် ဖော်ပြထားသည်။

ရှာဖွေမိ

အမေရိကန်တပ်ဖွဲ့က အဆိုပါကျေးရွာအတွင်း ဝင်ရောက်စီးနင်းရှာဖွေခဲ့ရာ ရိုင်ဖယ်သေနတ်များ၊ စက်သေနတ်တစ်လက်နှင့် ဗုံးပြုလုပ်သည့် ကိရိယာတန်ဆာပလာများကို ဗုံးကြဲချရာနေရာအနီးရှိ အိမ်တစ်အိမ်မှ ရှာဖွေမိခဲ့သည်ဟု ဆိုသည်။ ပထမဦးဆုံး တွေ့မြင်ခဲ့သည့် လူများက ထောင်ထားသည့်ဗုံးကိုလည်း လမ်းဘေးတွင် တွေ့ရှိခဲ့သည်ဟု ကြေညာချက်တွင် ပါရှိသည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန်တောင်ပိုင်း၌ တောမီးလောင်ကျွမ်း၊ သုံးဦးသေဆုံး

ဝါရှင်တန် ဒီဇင်ဘာ ၃၀

အမေရိကန်နိုင်ငံ တောင်ပိုင်း တက္ကဆက်ပြည်နယ် အော့ခ်လာဟိုမာပြည်နယ်တွင် တောမီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည်။ အဆိုပါ မီးလောင်ကျွမ်းမှုကြောင့် အိမ်ခြေ ၁၀၀ ခန့် ပျက်စီးပြီး အနည်းဆုံး သုံးဦးသေဆုံးခဲ့သည်ဟု အမေရိကန်သတင်းဌာနက ဒီဇင်ဘာ ၂၈ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

တက္ကဆက်ပြည်နယ် ကရော့စ်ပလိန်းမြို့တွင် အဆိုပါ မီးလောင်ကျွမ်းမှုကြောင့် အိမ်ခြေ ၅၀ ခန့် ပျက်စီးပြီး အမျိုးသမီးနှစ်ဦး သေဆုံးခဲ့သည်။

အော့ခ်လာဟိုမာပြည်နယ် ကယ်လီဘတ်ချ်တွင် ထိုတောမီးလောင်ကျွမ်းမှုကြောင့် အမျိုးသမီးတစ်ဦးမှာ နေအိမ်အခန်းမှ ပြုတ်ကျ၍ တင်ပါးအရိုးကျိုးပြီး သေဆုံးသွားခဲ့သည်။ ၎င်း၏အိမ်မှာလည်း မီးလောင်ကျွမ်းခဲ့သည်။

တက္ကဆက်ပြည်နယ်တွင် အိမ်ခြေ ၇၈လုံးနှင့် အော့ခ်လာဟိုမာဒေသတွင် အိမ်ခြေနှစ်ဒါဇင်ကျော် မီးလောင်ကျွမ်းခဲ့သည်။ တက္ကဆက်ပြည်နယ် ခရိုင်လေးခုတွင် တောမီးလောင်ကျွမ်းခဲ့ပြီးနောက်ဒီဇင်ဘာ၂၈ရက်တွင် မီးခိုးငွေ့များ ကျန်ရှိနေသေးကြောင်း သိရှိရသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ဘဂ္ဂဒက်တွင် ပေါက်ကွဲမှုဖြစ်ပွား လူ ငါးဦးသေဆုံး ၁၂ ဦး ဒဏ်ရာရရှိ

ဘဂ္ဂဒက် ဒီဇင်ဘာ ၃၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လယ်တွင် သောကြာနေ့က ပေါက်ကွဲမှုနှစ်မှု ဖြစ်ပွားခဲ့ရာ လူငါးဦးထက်မနည်း သေဆုံးပြီး ၁၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။ အီရတ် ရွေးကောက်ပွဲကို ဒီဇင်ဘာလအတွင်း ငြိမ်းချမ်းစွာ ကျင်းပပြီးသည့်နောက် နောက်ဆုံးတိုက်ခိုက်မှုဖြစ်သည်။

ကနဦးပိုင်းက ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ယင်းပေါက်ကွဲမှုများသည် ကားဗုံးပေါက်ကွဲမှုဟု ပြောကြားခဲ့သော်လည်း ရဲသတင်းရပ်ကွက်ကမူ စိန်ပြောင်းကျည်များ ယာဉ်များပေါ်တွင် ကျရောက်ပေါက်ကွဲခြင်းဖြစ်သည်ဟု နောက်ပိုင်းတွင် ပြောကြားခဲ့သည်။

ခရီးသည်များကို ဘဂ္ဂဒက်မြောက်ပိုင်းရှိ ရှီးယိုက်များနေထိုင်ရာ ဒေသများသို့ ပို့ဆောင်ပေးသည့် ပို့ဆောင်ဆက်သွယ်ရေးဌာနအနီးတွင် ယင်းပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အိန္ဒိယနိုင်ငံ၏ ဆက်သွယ်ရေးလုပ်ငန်း သိသိသာသာတိုးတက် ကမ္ဘာ့ထိပ်တန်း ကုမ္ပဏီများ လာရောက်ရင်းနှီးမြှုပ်နှံ လုပ်ကိုင်နေ

နယူးဒေလီ ဒီဇင်ဘာ ၃၁

အိန္ဒိယနိုင်ငံ၏ တယ်လီဖုန်း၊ ကြေးနန်းဆက်သွယ်ရေးလုပ်ငန်းများသည် ပြီးခဲ့သော သုံးနှစ်တာကာလအတွင်း သိသိသာသာတိုးတက်လာကြောင်း အိန္ဒိယဆက်သွယ်ရေးနှင့် သတင်းနည်းပညာဝန်ကြီးဌာန၏ လေ့လာသုံးသပ်ချက် အစီရင်ခံစာတွင် ဖော်ပြသည်။

အိန္ဒိယနိုင်ငံ၏ စီးပွားရေးတိုးတက်မှုတွင် ဆက်သွယ်ရေးကဏ္ဍသည် အရေးပါသောနေရာမှ အထောက်အပံ့ပြုခဲ့သည်ဟု ထိုအစီရင်ခံစာတွင် ရေးသားထားသည်။ လေ့လာခဲ့သော သုံးနှစ်တာကာလအတွင်း ဆက်သွယ်ရေးကဏ္ဍ၏ တိုးတက်မှုသည် ၂၀ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအတွင်း ရှိခဲ့သည်ဟု ဆိုသည်။

များပြားလာ

နိုင်ငံအတွင်း၌ သုံးစွဲနေသော တယ်လီဖုန်းအရေအတွက်မှာ ၂၀၀၄ ခုနှစ် မေလက တယ်လီဖုန်းပေါင်း ၇၇ ဒသ ၉၄သန်းသာ ရှိခဲ့ရာမှ ၂၀၀၅ ခုနှစ်နိုဝင်ဘာလအရောက်တွင် တယ်လီဖုန်း အရေအတွက် စုစုပေါင်းသည် ၁၂၀ ဒသမ ၆၇ သန်းအထိ များပြားလာခဲ့သည်။ တိုးတက်မှုအခြေအနေကို ရာခိုင်နှုန်းအားဖြင့်ကြည့်ပါက ၅၄ဒသမ ၈၂ ရာခိုင်နှုန်း တိုးတက်လာခြင်းပင် ဖြစ်သည်။

ရင်းနှီးမြှုပ်နှံ

လက်ရှိ အခြေအနေတွင် ကမ္ဘာ့ထိပ်တန်းဆက်သွယ်ရေးလုပ်ငန်းများ ဖြစ်သည့် အဲရစ်ဆန်၊ အယ်လ်ကာတယ်၊ အယ်လ်ကိုတက်၊ အယ်လ်ဂျီနှင့် နိုစီးယားကုမ္ပဏီများသည် အိန္ဒိယနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိကြသည်။

ထိုလုပ်ငန်းများအပြင် ဆီးမင်း၊ မော်တော်ရိုလာ၊ ဖောက်ကွန်းနှင့် အက်ကိုမော့ဗ် ကုမ္ပဏီများလည်း အိန္ဒိယတွင် လုပ်ငန်းချဲ့ထွင်ရန် ဆောင်ရွက်လျက်ရှိကြသည်။

ခန့်မှန်းထား

ဖော်ပြပါ အခြေအနေများကြောင့် လာမည့်တစ်နှစ်၊နှစ်နှစ်အတွင်း အိန္ဒိယနိုင်ငံ၏ ဆက်သွယ်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု ပမာဏသည် အမေရိကန် ဒေါ်လာ ၈၅ သန်းအထိ ရောက်ရှိလာမည်ဟု ခန့်မှန်းထားသည်။ ထိုပြောင်းလဲတိုးတက်လာမှုများကြောင့် အိန္ဒိယနိုင်ငံသည် အာရှဒေသ၏ ဆက်သွယ်ရေးပစ္စည်း ကိရိယာများ ထုတ်လုပ်ရာ ဗဟိုဌာနတစ်ခုအဖြစ် ကူးပြောင်းရောက်ရှိလာမည်ဟု တွက်ဆထားကြကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ရေနံဓာတုဗေဒ စက်ရုံတည်ဆောက်ရေး စီမံကိန်း တောင်ကိုရီးယားနှင့် ကာတာကုမ္ပဏီတို့ သဘောတူညီ

ကူဝိတ် ဒီဇင်ဘာ ၃၁

တောင်ကိုရီးယားနိုင်ငံမှ ဟိုနန် ရေနံဓာတုဗေဒ ကော်ပိုရေးရှင်းသည် ကာတာနိုင်ငံတွင် ရေနံနှင့်ဓာတုဗေဒ စက်ရုံတစ်ရုံ တည်ဆောက်ရန် သဘောတူညီချက်တစ်ရပ်ကို ကာတာနိုင်ငံမှ အင်တာမီဒီယိတ် စက်မှုလုပ်ငန်းဦးပိုင်ကုမ္ပဏီနှင့်လက်မှတ်ရေးထိုးလိုက်ကြောင်း ကာတာသတင်းအေဂျင်စီက သောကြာနေ့တွင် သတင်းထုတ်ပြန်သည်။

ရေနံနှင့် ဓာတုဗေဒစက်ရုံ တည်ဆောက်ရေးစီမံကိန်းအရ ကာတာနိုင်ငံ မီဆာဒီဒေသတွင် အက်သလင်းစက်ရုံများနှင့် ရေနံဓာတုဗေဒစက်ရုံများကို တည်ဆောက်မည်ဖြစ်ကြောင်း ကာတာဒုတိယဝန်ကြီးချုပ်လည်းဖြစ်၊ စွမ်းအင်နှင့် စက်မှုလုပ်ငန်း ဝန်ကြီးလည်းဖြစ်သူ အဗ္ဗဒူလာဘင်အာမက်အယ်လ်-အက်တ်ယာက ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ရေနံနှင့် ဓာတုဗေဒစက်ရုံ တည်ဆောက်ရေးစီမံကိန်းအရ တည်ဆောက်ရေး လုပ်ငန်းများကို ၂၀၀၆ ခုနှစ် ပထမနှစ်ဝက်တာကာလအတွင်း စတင်မည် ဖြစ်ကြောင်း၊ ၂၀၀၉ ခုနှစ် ထက်နောက်မကျဘဲ တည်ဆောက်ရေး လုပ်ငန်းများ ပြီးစီးမည်ဟု မျှော်လင့်ကြောင်းကြေညာချက်တွင်ဖော်ပြသည်။

စီမံကိန်း၏ ရင်းနှီးမြှုပ်နှံမှု ၇၀ ရာခိုင်နှုန်းကို ကာတာနိုင်ငံပိုင် ရေနံကုမ္ပဏီက ပိုင်ဆိုင်မည်ဖြစ်ပြီး ၃၀ ရာခိုင်နှုန်းကို တောင်ကိုရီးယား ကုမ္ပဏီက ပိုင်ဆိုင်မည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ပါကစ္စတန်၌ မြေပြို လူ ၂၄ ဦးသေဆုံး

အစ္စလမ္မာဘတ် ဒီဇင်ဘာ ၃၁

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ဒေသတွင် မြေပြိုမှုဖြစ်ပွားခဲ့ရာ သတ္တုတွင်းတူးသူ ၂၃ ဦး၏ အလောင်းများကို ပါကစ္စတန် တပ်ဖွဲ့ဝင်များက သောကြာနေ့တွင် ရှာဖွေတွေ့ရှိခဲ့ပြီး နောက်တစ်ဦး၏ အလောင်းကို ကြာသပတေးနေ့ညနေတွင် တွေ့ရှိခဲ့ကြောင်း ဆင်ဟွာသတင်းအရ သိရှိရသည်။

သတ္တုတွင်းတူးသူများက သတ္တုနှင့်အခြား အဖိုးတန်ကျောက်မျက်ရတနာများရှာဖွေရန် ကိုဟ်စတန်ခရိုင်အတွင်းရှိ စပွတ်မာလီဒေသတွင်စူးစမ်းမှုများပြုလုပ်နေကြစဉ် မြေပြိုကျ၍ သတ္တုတွင်းတူးသူ ၂၄ ဦးမြေကြီးအတွင်း ပိတ်မိနေခဲ့သည်။

ခြေလျင်တပ်ဖွဲ့ဝင်များ၊ ကြည်းတပ်အင်ဂျင်နီယာများနှင့် ဆရာဝန်များ ပါရှိသည့် ကယ်ဆယ်ရေးအဖွဲ့တစ်ဖွဲ့ကို ရဟတ်ယာဉ်နှင့်အတူသတ္တုတွင်း တူးသူများ၏အလောင်းများကိုရှာဖွေရန်အတွက် ယင်းဒေသသို့ ပါကစ္စတန် ကြည်းတပ်က အမြန်စေလွှတ်ခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေဆီပြည်နယ် ပါလူမြို့ရှိဈေးတွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ရဲတပ်ဖွဲ့ဝင်များဒီဇင်ဘာ ၃၁ ရက်က စစ်ဆေးနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အင်ဒိုနီးရှားနိုင်ငံတွင် ဗုံးပေါက်ကွဲ ခြောက်ဦးသေဆုံးပြီး ၄၅ ဦး ဒဏ်ရာရ

ဂျကာတာ ဒီဇင်ဘာ ၃၁

အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေဆီပြည်နယ် ပါလူမြို့တွင် ဒီဇင်ဘာ ၃၀ ရက် နံနက်ပိုင်းက ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ လူခြောက်ဦးသေဆုံးပြီး ၄၅ ဦး ဒဏ်ရာ ရရှိသွားကြောင်း ပြည်နယ်ရဲ ဗိုလ်မှူးချုပ် ယူဂရိုဆိုဒိုက ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။

ပေါက်ကွဲ

ထိုဗုံးသည် ဆူလာဝေဆီပြည်နယ် ပါလူမြို့တွင် နံနက် ၀၇း၀၅ နာရီ အချိန်က ပေါက်ကွဲခြင်းဖြစ်ကြောင်း သိရသည်။ အသားများ ရောင်းချရာ ဈေးဆိုင်တန်းများအနီးတွင် ပေါက်ကွဲခဲ့ခြင်းဖြစ်သည်ဟု ရဲမှူးချုပ်က ဆက်လက် ပြောကြားသည်။

သေဆုံးသူနှင့် ဒဏ်ရာရသူများ မည်သူမည်ဝါဖြစ်သည်ကို ခွဲခြားသိရှိနိုင်အောင် ဆက်လက်ဆောင်ရွက်နေဆဲဖြစ်သည်။ အခင်းဖြစ်ပွားမှုကြောင့် ထိခိုက်သေဆုံးရသူများ အားလုံးကို ပါလူမြို့ဝန်းကျင်ရှိ ဆေးရုံသို့ ပို့ခဲ့ကြောင်း ၎င်းက ပြောကြားခဲ့သည်။

လေ့လာရှာဖွေ

ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ အသားအရောင်းဆိုင်တည်ရှိရာ နေရာသို့ ရဲတပ်ဖွဲ့မှ ဗုံးကျွမ်းကျင်သူများ ရောက်ရှိလာပြီး ထိုနေရာကို အသေးစိတ် လေ့လာရှာဖွေခဲ့ကြသည်။ ထို့အပြင် ယင်းဒေသအနီးတွင်ရဲတပ်ဖွဲ့ဝင်အစောင့်အရှောက်များစွာကိုလည်း ချထားလိုက်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကျောက်ဖြစ်ရုပ်ကြွင်းမှောင်ခိုမှု ပြင်းထန်စွာပြစ်ဒဏ်ချမှတ်မည်

ပေကျင်း ဒီဇင်ဘာ ၃၁

တရုတ်နိုင်ငံတွင် ကျောရိုးရှိ ရှေးဟောင်းတိရစ္ဆာန်နှင့် ရှေးဟောင်းလူသားတို့၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို ခိုးထုတ်ယူသည့် ပြစ်မှုကျူးလွန်သူများသည် ထောင်ဒဏ်သို့မဟုတ် သေဒဏ်ကျခံရမည် ဖြစ်သည်ဟု သတင်းတစ်ရပ်တွင် ရေးသားဖော်ပြသည်။

မှောင်ခိုသယ်ယူခြင်း၊ ဖျက်ဆီးခြင်း၊ တရားမဝင်ရောင်းချခြင်းနှင့်ရှေးဟောင်း ကျောရိုးရှိ တိရစ္ဆာန်များနှင့်လူများ၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို သယ်ယူခြင်းစသည့်ကိစ္စရပ်များကို ဥပဒေကြောင်းအရ အရေးယူနိုင်ရေးအတွက် တရုတ်ထိပ်တန်း ဥပဒေပြုအာဏာပိုင်အဖွဲ့ ဒီဇင်ဘာ ၂၄ ရက်တွင် စတင်ဆွေးနွေးခဲ့ကြသည်။

ထိန်းသိမ်းကာကွယ်

ဒီဇင်ဘာ ၂၇ရက်မှ ၂၉ရက်အထိ ကျင်းပပြုလုပ်သည့် ၁၁ကြိမ်မြောက် ပြည်သူ့အမျိုးသားဥပဒေပြု ညီလာခံ (အင်န်ပီစီ)၏ ၁၉ကြိမ်အစည်းအဝေးတွင် အဆိုပါ ဥပဒေကြောင်းဆိုင်ရာရှင်းလင်းချက်ကို အတည်ပြုမှုရရှိခဲ့လျှင် တရုတ်နိုင်ငံတွင် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်အဖြစ် ကျောက်ဖြစ်ရုပ်ကြွင်းများကို ထိန်းသိမ်းကာကွယ်သွားနိုင်မည်ဖြစ်သည်။

တရုတ်နိုင်ငံ၏ ရာဇဝတ်မှုဥပဒေအရ ရှေးဟောင်းပစ္စည်း ခိုးယူမှု၊ မှောင်ခိုမှု၊ ဖျက်ဆီးမှု၊ တရားမဝင် ရောင်းချခြင်းနှင့် ယဉ်ကျေးမှု အမွေအနှစ်များကို သယ်ယူခြင်းများကို ထောင်ဒဏ်သို့မဟုတ် သေဒဏ်ပေးရန် ဖော်ပြထားသည်။

မျှော်လင့်

မကြာသေးမီနှစ်အတွင်းကရှေးဟောင်း တိရစ္ဆာန်ကျောက်ဖြစ်ရုပ်ကြွင်း အများအပြားကို မှောင်ခို ခိုးထုတ်ခဲ့ကြသည်။ ထိုပြစ်မှုတွင် ဥပဒေကြောင်းဆိုင်ရာ အရေးယူမှု အပြစ်ပေးမှုများ ပြုလုပ်နိုင်မည်ဟု မျှော်လင့်ရကြောင်း ကျွမ်းကျင်သူအချို့က ပြောကြားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တော်တွင်မီးလောင် မိသားစု ၃၀၀၀ အိုးမဲ့အိမ်မဲ့ဖြစ်ရ

မနီလာ ဒီဇင်ဘာ ၃၁

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တော် တွန်ဒိုဒေသ၌ ညဘက်တွင် မီးလောင်ကျွမ်းခဲ့ရာ ဆင်းရဲနွမ်းပါးသူ မိသားစု ၃၀၀၀ နီးပါး အိုးမဲ့အိမ်မဲ့ဖြစ်သွားရကြောင်း ဒေသဆိုင်ရာရေဒီယိုက သောကြာနေ့တွင် ကြေညာသည်။

ကလေးတစ်ဦးအပါအဝင် လူနှစ်ဦးမှာ မီးလောင်ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ တစ်ဦးမှာ စေတနာ့ဝန်ထမ်း မီးသတ်သမားဖြစ်သည်ဟု ရေဒီယိုက ဆက်လက်ကြေညာသည်။

ယင်းကဲ့သို့ မီးလောင်မှုကြောင့် အမေရိကန်ဒေါ်လာ ၅၀၀၀၀ ဖိုးခန့် ပစ္စည်းဥစ္စာများ ဆုံးရှုံးခဲ့ရသည်ဟု ဆိုသည်။

တွန်ဒိုပုံကျရပ်ကွက်တွင် ကြာသပတေးနေ့ည ၉ နာရီတွင် မီးစတင်လောင်ကျွမ်းခဲ့သည်ဟု မီးသတ်သမားများကပြောကြားသည်။ ညဥ့်လယ်ပိုင်းအထိအချို့သောဒေသများတွင်မီးလောင်နေဆဲဟုဆိုသည်။ သောကြာနေ့ နံနက် ၁ နာရီတွင် မီးငြိမ်းသည်ဟု သိရသည်။

ရှို့မီး ဟုတ်၊ မဟုတ်နှင့် မီးလောင်ကျွမ်းမှုအကြောင်းရင်းကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

တွန်ဒိုဒေသသည် မနီလာမြို့တော်၏ ဒေသတစ်ခုဖြစ်ပြီး ဆင်းရဲနွမ်းပါးသူများ နေထိုင်ကြသည့် မြို့ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ ဖလူးဂျာမြို့ ဆင်ခြေဖုံးတွင် ကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဒီဇင်ဘာ ၃၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တာဂျီကစ္စတန်တွင် ဆီးနှင်းပြိုကျ၊ လူခုနစ်ဦးသေဆုံး

ဒူရှန်ဘီ ဒီဇင်ဘာ ၃၁

တာဂျီကစ္စတန်ဒေသရှိ အထင်ကရအဝေးပြေးလမ်းမကြီးပေါ်တွင် ဆီးနှင်းပြိုကျမှုကြောင့် လူ ခုနစ်ဦးဆုံးခဲ့ကြောင်း အရေးပေါ်ဝန်ကြီးဌာနက သောကြာနေ့တွင် ပြောကြားလိုက်သည်။ ကြာသပတေးနေ့ညနေပိုင်းတွင် ဒူရှန်ဘီ-ခတ်ဇန်အဝေးဝေးပြေးလမ်းမကြီးပေါ်တွင် ဆီးနှင်းပြိုကျသဖြင့် မော်တော်ယာဉ်နှစ်စီး တိမ်းမှောက်ပျက်စီးခဲ့သဖြင့် လူခုနစ်ဦးသေဆုံးခဲ့သည်ဟု ဖော်ပြပါဌာန၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

နှင်းထုထပ်စွာ ကျရောက်မှုကြောင့် အရေးပေါ်အလုပ်သမားများက လမ်းပိတ်ထားကြသည်။ သို့ရာတွင် ယာဉ်မောင်းအချို့က အန္တရာယ်ကြားမှ ဆက်လက်မောင်းနှင်နေကြသည်။၂၀၀၄ ခုနှစ်အတွင်း ဆီးနှင်းပြိုကျမှုကြောင့် စုစုပေါင်း လူခုနစ်ဦးသေဆုံးခဲ့သည်ဟု ဖော်ပြပါ ဝန်ကြီးဌာနစာရင်းဇယားများအရ သိရှိရသည်။ ယခုနှစ်တွင် လူ ၁၈ ဦး သေဆုံးခဲ့သည်ဟု ဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

များနှင့် မိသားစုများ၊ မြန်မာ့မီးရထား ဝန်ထမ်းများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား ၊ ကျောင်းသူများ၊ ဘင်ခရာ ၊ပန်းဖွာအကအဖွဲ့များ၊ တိုင်းရင်းသား ရိုးရာအကအဖွဲ့များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကား ပြောကြားရာ၌ယခုဖွင့်လှစ်သည့် ရွှေညောင်–တောင်ကြီး–ဆိုက်ခေါင်–နမ့်စန်– မိုးနဲ ရထားလမ်းကြီးကို ၁၉၉၂ ခုနှစ်ခန့်က စတင်ဖောက်လုပ်ခဲ့ပြီး နမ့်စန်–မိုးနဲ အပိုင်း၊ဖာမွန်း–ဘန်းယဉ်အပိုင်း၊ တောင်ကြီး–ဖာမွန်းအပိုင်း၊ ရွှေညောင်–တောင်ကြီး အပိုင်း၊ ဘန်းယဉ်–ဆိုက်ခေါင်အပိုင်း၊ ဆိုက်ခေါင်–ပွန်ချောင်းအပိုင်း၊ နမ့်စန်– ကောင်ဆိုင်းအပိုင်းတို့ကိုအပိုင်းလိုက်ဖောက်လုပ်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့ နောက်ဆုံးကျန်ရှိသည့် ပွန်ချောင်း–ကောင်ဆိုင်းအပိုင်းကို တည်ဆောက်ပြီးစီး ပြီဖြစ်သည့်အတွက် ရွှေညောင်–တောင်ကြီး–ဆိုက်ခေါင်–နမ့်စန်–မိုးနဲရထား လမ်းကြီးသည်တိုင်းရင်းသားချစ်ကြည်ရင်းနှီးရေး ရထားလမ်းကြီးအဖြစ် ပီပြင်စွာ ပေါ်ထွက်လာပြီဖြစ်ကြောင်း၊ ထို့ကြောင့် ရထားလမ်းဖြတ်သန်းရာ ရွှေညောင်၊ တောင်ကြီး၊ဟိုပုံး၊ ဆီဆိုင်၊ လွိုင်လင်၊ နမ့်စန်၊ မိုးနဲ မြို့နယ်များရှိ ကျေးရွာ ပေါင်း၁၃၆၀ကျော်မှ ရှမ်း၊ဗမာ၊ပအိုဝ်း၊ပလောင်၊အင်းသား၊ဓနု၊ လားဟူ၊ လီဆူး စသည့်တိုင်းရင်းသားပြည်သူခုနစ်သိန်းနီးပါးခန့်သည် ကားလမ်းနှင့်သာမက ရထား လမ်းဖြင့်ပါလွယ်ကူစွာအပြန်အလှန်ကူးသန်းသွားလာဆက်ဆံနိုင်ကြပြီဖြစ်ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ရွှေညောင်–တောင်ကြီး–ဆိုက်ခေါင်– နမ့်စန်–မိုးနဲ ရထားလမ်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

သည့် ချင်းတွင်း၊ ဧရာဝတီ၊ စစ်တောင်း၊ သံလွင် မြစ်ကြီးလေးသွယ်နှင့် အနောက်ရိုးမ၊ အလယ်ရိုးမ၊ အရှေ့ရိုးမစသည့် တောင်တန်းများအကြား အလိုက်သင့်၊ အလျားသင့်ဆက်စပ်တည်နေခြင်းဖြစ်ကြောင်း၊ ကားလမ်းများ၊ ရထားလမ်းများသည် တောင်နှင့်မြောက်အဓိက ဆက်သွယ်သည့်လမ်းများသာ ဖြစ်ပြီး အရှေ့နှင့်အနောက် ဆက်သွယ်သည့်လမ်းကြောင်းသည် အနည်းစုသာ ဖြစ်ကြောင်း တွေ့ရမှာဖြစ်ကြောင်း၊ အရှေ့နှင့်အနောက်အကြား ကန့်လန့်ဖြတ် စီးဆင်းနေသည့်မြစ်များကို ကျော်ဖြတ်နိုင်သည့် တံတားဆိုလျှင် ထင်ထင်ရှားရှား အနေဖြင့် ဧရာဝတီမြစ်ကူး စစ်ကိုင်းတံတားဟောင်းတစ်စင်းနှင့် စစ်တောင်းမြစ်ကူး တံတားတစ်စင်းသာရှိခဲ့ကြောင်း။

တိုးချဲ့တည်ဆောက်ခဲ့

မိမိတို့ တပ်မတော်အစိုးရလက်ထက်တွင် ပြည်နယ်/တိုင်းများ၏ ရေကြော၊ မြေကြောများကို တစ်ဆက်တစ်စပ်တည်း ဖြစ်လာစေရန်၊ တိုင်းရင်းသားအချင်းချင်း အထိအတွေ့ အဆက်အဆံ ပိုမိုများပြားလာစေရန်တို့အတွက် လမ်းတံတား အခြေခံများကို ဖိဖိစီးစီး တိုးချဲ့တည်ဆောက်ခဲ့ကြောင်း၊ ပြည်ထောင်စုကြီး၏ အရှေ့ဖျားမှအနောက်ဖျား၊ မြောက်ဖျားမှတောင်ဖျား ဒေါင်လိုက်ဖြစ်စေ၊ အလျား လိုက်ဖြစ်စေ သွားလာ၍ရအောင် အပင်ပန်းခံ ကြိုးစားစီမံဆောင်ရွက်ခဲ့ ကြောင်း။

ရခိုင်ပြည်နယ် စစ်တွေမြို့မှ ရန်ကုန်၊ မန္တလေးသို့ လာနိုင်ရန် အမ်းကုန်း လမ်းကြောင်း၊ ကျောက်ဖြူမြို့မှ ရန်ကုန်၊ ပုသိမ်ဘက်သို့သွားနိုင်ရန် တောင်ကုတ် လမ်းကြောင်းတို့ကို ရခိုင်ပြည်နယ်အတွင်းပိုင်းဒေသများနှင့် ထိထိမိမိ ဆက်စပ် ပေးလိုက်ပြီဖြစ်သည့်အတွက် ရခိုင်ပြည်နယ်၏ သွားရေးလာရေးသည် လွယ်ကူ သွားပြီဖြစ်ကြောင်း။

ရထားလမ်းဖြတ်သန်းရာ ကျေးရွာပေါင်း ၁၃၆၀ကျော်မှ တိုင်းရင်းသားပြည်သူ ခုနစ်သိန်းနီးပါးခန့် ကားလမ်းနှင့်သာမက ရထားလမ်းဖြင့်ပါလွယ်ကူစွာ အပြန်အလှန်ကူးသန်းသွားလာ ဆက်ဆံနိုင်ကြပြီ

ကျောဖုံးမှ *

မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များ၊လွိုင်လင် ခရိုင်နှင့်လင်းခေးခရိုင်အတွင်းရှိမြို့နယ်များမှဒေသခံပြည်သူများ၊ တပ်မတော်သား

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ရွှေညောင်–တောင်ကြီး–ဆိုက်ခေါင်–နမ့်စန်– မိုးနဲရထားလမ်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

မဆုတ်မနစ်လုပ်ကိုင်ခဲ့

ရှမ်းကုန်းမြင့်ဒေသ၌ အရှည် ၁၉၇ မိုင်ကျော်ရှိသည့် ဤရထားလမ်းကြီးကို တောတောင်လျှိုမြောင်များ ဖြတ်သန်းပြီး ခက်ခက်ခဲခဲဖောက်လုပ်ခဲ့ရာ၌ တပ်မတော် သားများ၏ လုပ်အားကို အဓိကအရင်းခံပြီး ရထားပို့ဆောင်ရေး ဝန်ကြီးဌာနမှ အင်ဂျင်နီယာများ၊ ပညာရှင်များ၊ ဝန်ထမ်းများ၏ ကြိုးပမ်းအားထုတ်မှု၊ ဒေသခံ ပြည်သူများ၏ စောင့်ရှောက်မှုတို့ဖြင့် ပေါင်းစပ်ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ သာမန်အားထုတ်မှုမျိုးဖြင့်မဟုတ်ဘဲ မဆုတ်မနစ်သည့် ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် ခက်ခက်ခဲခဲ လုပ်ကိုင်ဆောင်ရွက်ခဲ့ကြရခြင်းဖြစ်ကြောင်း၊ ယနေ့ နိုင်ငံတော်၏ လမ်းပန်းဆက်သွယ်မှုလမ်းကြောင်းကိုကြည့်လျှင် မြောက်မှတောင်ကို စီးဆင်းနေ

ထိုနည်းတူစွာပင် ကချင်ပြည်နယ် တိုးတက်ရေးအတွက် ရွှေဘို–မြစ်ကြီးနား လမ်း၊ မန္တလေး–သပိတ်ကျင်း–တကောင်း–ဗန်းမော်လမ်း၊ မြစ်ကြီးနား–ပူတာအို လမ်းတို့ကို ဖောက်လုပ်ပေးခဲ့ပြီးဖြစ်ကြောင်း။

ပြည်ထောင်စုလမ်းမသစ်ကြီး

ထို့အပြင် ပြည်ထောင်စုကြီး၏ တောင်ဘက်ဖျား တနင်္သာရီတိုင်းနှင့် ကျန်ပြည်နယ်/တိုင်းများ ဆက်စပ်လာစေရန် မြိတ်–တနင်္သာရီ–ဘုတ်ပြင်း– ကော့သောင်း ပြည်ထောင်စုလမ်းမကြီးကိုလည်း မြစ်ကူး၊ ချောင်းကူး တံတားကြီး များနှင့်အတူ တည်ဆောက်ခဲ့ပြီးဖြစ်ကြောင်း။

ရှမ်းပြည်နယ်အတွက်ဆိုလျှင် မြေပြန့်ဒေသမှ ပြည်နယ်အတွင်းဝင်ရောက်လာ သည့် မန္တလေး–နောင်ချို–လားရှိုး–မူဆယ်လမ်းနှင့် မိတ္ထီလာ–သာစည်–ရွှေညောင်– တောင်ကြီး–လွိုင်လင်–နမ့်စန်–ကျိုင်းတုံလမ်းတို့ကို ပြည်ထောင်စု လမ်းမကြီးများ အဖြစ် ပီပြင်စွာအဆင့်မြှင့်ပေးလျက်ရှိကြောင်း၊ ထို့အပြင်အဝင်အထွက် ဖြတ်လမ်း သစ်များအဖြစ် ဟန်မြင့်မိုရ်–မြို့ကြီး–ရှာငံ–အောင်ပန်းလမ်း၊ ပျဉ်းမနား–ပင်လောင်း လမ်း၊ ရပ်စောက်–ကျောက်ဂူ–နောင်ချိုလမ်းနှင့် သီပေါ–နမ့်လန်–ပန်ကေတု– လွိုင်လင်လမ်းသစ်များကို ကတ္တရာလမ်းသစ်များအဖြစ် ဖောက်လုပ်ပေးခဲ့ပြီးဖြစ် ကြောင်း။

ထို့အပြင် သံလွင်မြစ်ကိုကူးသည့် တံတားသစ်များအဖြစ် တာကော်အက် တံတား၊ တာဆန်းတံတားနှင့် တာပါးတံတားတို့ကို ရှမ်းပြည်နယ်အတွင်း၌ တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည့်အတွက် တန့်ယန်း–ပန်ဆန်းလမ်း၊ မိုင်းပန်– တာဆန်း–မိုင်းတုံလမ်း၊ တာမိုးညဲ–မုန်းစီး–တာရွှေထန်လမ်းအတိုင်း ပြည်သူအများ ပိုမိုချောမောပြေပြစ်စွာသွားလာနိုင်ပြီဖြစ်ကြောင်း။

ရထားလမ်းသစ်များ

ရှမ်းပြည်နယ်၌ ကားလမ်းသစ်များအပြင် ယခုကဲ့သို့ ရထားလမ်းသစ်များ ကိုလည်း တိုးချဲ့ဖောက်လုပ်ခဲ့သည့်အတွက် အောင်ပန်း–ပင်လောင်း– လွိုင်ကော် ရထားလမ်း၊ ရွှေညောင်–ရပ်စောက်ရထားလမ်းနှင့် ယနေ့ရွှေညောင်–တောင်ကြီး– ဆိုက်ခေါင်–နမ့်စန်–မိုးနဲရထားလမ်းများ ပေါ်ထွက်လာခဲ့ပြီဖြစ်ကြောင်း။

ထို့အတူ တာချီလိတ်လေဆိပ်၊ ကျိုင်းတုံလေဆိပ်၊ ဟဲဟိုးလေဆိပ်၊ နမ့်စန်လေဆိပ်၊ လားရှိုးလေဆိပ်တို့ကိုလည်း တိုးချဲ့ပြုပြင်ခဲ့ပြီးဖြစ်ကြောင်း။

ခြုံငုံပြောရလျှင် မိမိတို့တပ်မတော်အစိုးရလက်ထက်ကျမှပင် ရှမ်းပြည်နယ် အတွင်း၌ ကားလမ်း၊ရထားလမ်း၊ လေကြောင်းလမ်းစသည့် လမ်းပန်းဆက်သွယ် သွားလာမှု အခြေခံကောင်းများ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ➪

စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးရေးအတွက် လယ်ယာသုံးစက်ကိရိယာများ တွင်တွင်ကျယ်ကျယ်အသုံးချနိုင်အောင် ဒီဇယ်ဆီအစားထိုး အသုံးပြုနိုင်သည့် ဇီဝလောင်စာထုတ်လုပ်ရေးကို အလေးထားဆောင်ရွက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ရွှေညောင်-တောင်ကြီး-ဆိုက်ခေါင်- နမ့်စန်-မိုးနဲ ရထားလမ်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံ တိုင်းရင်းသား၊ တိုင်းရင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

➪ စာမျက်နှာ ၆ မှ

ထူထောင်နိုင်ပြီး တောင့်တင်းခိုင်မာသည့်လမ်းပန်း ဆက်သွယ်သွားလာမှုကွန်ရက်သည် ပုံပေါ်လာပြီဖြစ်ကြောင်း။

လက်ယှက်ထိုးတည်ဆောက်ခဲ့

နိုင်ငံတော်အစိုးရအနေဖြင့် ယခုကဲ့သို့ ရှမ်းပြည်နယ်မှာသာမက ပြည်ထောင်စုတစ်ဝန်းလုံး လမ်းပန်းဆက်သွယ်မှုအခြေခံများကို လက်ယှက်ထိုးတည်ဆောက်ထူထောင်ခဲ့သည့်အတွက် ကားလမ်းအနေဖြင့် ကတ္တရာလမ်း၊ ကျောက်ချောလမ်း၊ အမာခံလမ်း လမ်းမိုင် စုစုပေါင်း ၅၇၁၀၀ကျော်အထိ ဖြစ်ပေါ်နေပြီး ဧရာဝတီမြစ်ကူးတံတားသစ် ခုနစ်စင်း၊ ချင်းတွင်းမြစ်ကူးတံတားသစ် နှစ်စင်း၊ သံလွင်မြစ်ကူးတံတားသစ် ငါးစင်း၊ စစ်တောင်းမြစ်ကူးတံတားသစ် တစ်စင်း အပါအဝင် တံတားကြီးစာရင်းဝင်တံတားပေါင်း ၂၁၀ တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း။

ရထားပို့ဆောင်ရေးအပိုင်းတွင်လည်းရထားလမ်းသစ်မိုင်ပေါင်း ၁၁၀၀ကျော်တိုးချဲ့ ဖောက်လုပ်ပြီး ပြည်သူများအား သယ်ယူပို့ဆောင်ပေးနေပြီဖြစ်ကြောင်း၊ ရှမ်းပြည်နယ်မှ ရထားလမ်းများအပြင် မြေပြန့်၌လည်း ရိုးမပတ်ရထားလမ်း၊ ရေး-ထားဝယ် ရထားလမ်းတို့သည် ခရီးလမ်းကြောင်းအသစ်များအဖြစ် တည်ရှိနေပြီဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ ပြည်ထောင်စုကြီး၏နယ်မြေဒေသအသီးသီးသည် ဘက်စုံကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်လာလျက်ရှိကြောင်း။

အနာဂတ်နိုင်ငံတော်သစ် ထူထောင်ရေးအတွက် ယခုကတည်းကပင် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး မျှမျှတတဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာချမှတ်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

ဤမဟာဗျူဟာကို အကောင်အထည်ဖော်နိုင်ရေးအတွက် ဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခုစီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တို့ကို ချမှတ်အကောင်အထည်ဖော်နေခြင်းဖြစ်ကြောင်း၊ ဤဖွံ့ဖြိုးရေးစီမံကိန်းများသည် ပြည်ထောင်စုကြီး တစ်ရပ်လုံးအတွက် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို ကွက်ကြားလစ်ဟာခြင်းမရှိစေဘဲ ကွက်ပြည့်တစ်ပြိုင်တည်း ထူထောင်ပေးလျက်ရှိကြောင်း။

တိုင်း ခုနစ်တိုင်း၊ ပြည်နယ် ခုနစ်ပြည်နယ်တို့ဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ရှမ်းပြည်နယ်သည် ပြည်နယ်များအနက် ဧရိယာအကျယ်ဆုံး၊ လူဦးရေအများဆုံးပြည်နယ်ကြီးဖြစ်ကြောင်း၊ ပြည်နယ်အတွင်းတွင် ရှမ်း၊ ဗမာ၊ ပအိုဝ်း၊ ပလောင်၊ ကချင်၊ အင်းသား၊ ခနေ့၊ ကိုးကန့်၊ ဝ၊ လားဟူ၊ ကော်၊ ပဒေါင်၊ တောင်ရိုး၊ ဂုံ၊ မြောင်ဇီး၊ လီဆူး၊ တိုင်းလွယ်၊ ယင်းကြား၊ ယင်းနက်၊ ယွန်း စသည့် တိုင်းရင်းသားလူမျိုး၄၀ကျော်ခန့် အတူပူးပေါင်းနေထိုင်လျက်ရှိကြောင်း။

များပြားစုံလင်သည့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေး အဆင့်အတန်းမြင့်မားရေး၊ လမ်းပန်းဆက်သွယ်မှုအဆင်ပြေကောင်းမွန်ရေး၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးရေးတို့ကို ဗြိတိသျှကိုလိုနီစနစ်က ဥပေက္ခာပြုခဲ့သည့်နည်းတူ ပဒေသရာဇ်စနစ်နှင့် ပါလီမန်ဒီမိုကရေစီစနစ်တို့ကလည်း တာဝန်ကျေပွန်စွာ အကောင်အထည်မဖော်နိုင်ခဲ့ကြသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ဤသို့သောအခြေအနေမျိုးတွင် အမျိုးအစားစုံလင်သည့် သောင်းကျန်းမှုမျိုးစုံဖြင့် ပေါင်းစပ်မိပြီး ရှမ်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း အလှမ်းဝေးခဲ့ရကြောင်း၊ အချည်းနှီး၊ အလဟဿဖြစ်ခဲ့ရသည့်နှစ်များရှည်ကြာခဲ့ပြီဖြစ်ကြောင်း။

လှလှပပတိုးတက်

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများနှင့်အညီ တောင်ကြီးဒေသအပြင် လားရှိုးဒေသ၊ ကျိုင်းတုံဒေသတို့ကို နိုင်ငံတော်၏ ဖွံ့ဖြိုးရေးဒေသများအဖြစ် သတ်မှတ်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည့်အတွက် ယနေ့ဆိုလျှင် တောင်ကြီးဒေသနှင့် ယှဉ်တွဲပြီး ဤဒေသများသည် မျှမျှတတ တစ်ပြိုင်တည်း ဖွံ့ဖြိုးလာနေပြီ ဖြစ်ကြောင်း၊ ပြည်နယ်၏မြို့တော် တောင်ကြီးမြို့သည် ပန်းမြို့တော်အဖြစ် လှလှပပ တိုးတက်လာနေသကဲ့သို့ လားရှိုးမြို့သည်လည်း ကုန်စည်ရောင်းဝယ်မှုလုပ်ငန်းများဖြင့် စည်ကားဖွံ့ဖြိုးနေခြင်းဖြစ်ကြောင်း၊ ထို့အတူ ကျိုင်းတုံမြို့သည်လည်း သံလွင်မြစ်၏အရှေ့ခြမ်း မြို့တော်အဖြစ် အဆင့်အတန်းရှိရှိ တိုးတက်လာနေခြင်းဖြစ်ကြောင်း။

ယခုအခါ ပြည်ထောင်စုစိတ်ဓာတ်အခြေခံရာ ပင်လုံဒေသကိုလည်း ဖွံ့ဖြိုးရေးဒေသကြီးအဖြစ် တိုးချဲ့သတ်မှတ်ပြီး ပညာရေး၊ ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ် ပျိုးထောင်ရေးတို့ကို အခြေချလုပ်ကိုင်ပေးပြီဖြစ်သည့်အတွက် ရှမ်းပြည်နယ်သည် ကွက်လပ်မကျန်ရလောက်အောင် ဖွံ့ဖြိုးမှုအခြေခံကောင်းများ ရရှိနေပြီဖြစ်ကြောင်း။

ကိန်းဂဏန်းစာရင်းများအရရော၊ မျက်မြင်ကိုယ်တွေ့အခြေအနေများအရပါ ရှမ်းပြည်နယ် တစ်ခုလုံး၏ ဖွံ့ဖြိုးတိုးတက်လာနေမှုများသည် သိသာထင်ရှားနေပြီဖြစ်ကြောင်း။

ပြည်နယ်သားများကိုယ်တွေ့

ယခုကဲ့သို့ တိုးတက်မြင့်မားသည့် အခြေခံကောင်းများ၊ အကျိုးသက်ရောက်မှုကောင်းများရရှိနေခြင်းသည် နယ်မြေဒေသ တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရရှိကာ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း အပြန်အလှန်နားလည်မှု၊ ယုံကြည်မှု၊ သည်းခံခွင့်လွှတ်မှု၊ ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုစသည့် အခြေခံကောင်းများကြောင့်ပင် ဖြစ်ကြောင်း၊ လက်နက်ကိုင်ဆန့်ကျင်မှုပြဿနာ၊ မူးယစ်ဆေးဝါးပြဿနာ၊ လုံခြုံမှုကင်းမဲ့သည့် ပြဿနာများကြောင့် ပြည်နယ်တစ်ခုလုံး မည်ရွေ့မည်မျှ ခါးစည်းခံခဲ့ရသည်ကို ပြည်နယ်သူ ပြည်နယ်သားများကိုယ်တွေ့ပင်ဖြစ်ကြောင်း။

ထို့ကြောင့် ဒေသတွင်း တည်ငြိမ်အေးချမ်းရေး၊ စီးပွားရေးတောင့်တင်းခိုင်မာရေး၊ ပညာရည်အဆင့်အတန်းမြင့်မားရေးတို့ကို အလေးထားဝိုင်းဝန်းဖော်ဆောင်ကြရန် အရေးကြီးကြောင်းကို မှာကြားလိုကြောင်း။

တိုးချဲ့စိုက်ပျိုးနေ

ရှမ်းပြည်နယ်၏ စီးပွားဖွံ့ဖြိုးတိုးတက်ရေးသည် အခြေခံကျသည့် စိုက်ပျိုးရေးကဏ္ဍအပေါ်တွင် တည်မှီနေခြင်းဖြစ်သည့်အတွက် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် အလေးထားလုပ်ကိုင်ရင်း မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍတို့ပါ တစ်ပါတည်း တိုးတက်အောင် လုပ်ကိုင်သွားကြရမှာဖြစ်ကြောင်း၊ ရှေးယခင်က ဆန်စပါးလောက်င ဖူလုံမှုမရှိသည့် ရှမ်းပြည်နယ်သည် ယနေ့ဒေသတွင်း ဆန်ဖူလုံမှုရရှိနေသည့်အဆင့်ကို တက်လှမ်းနေပြီဖြစ်ကြောင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်းဒေသအလိုက် အထွက်တိုးသည့် စပါးမျိုးများ တိုးချဲ့စိုက်ပျိုးမှုသည်လည်း အရှိန်ရနေပြီဖြစ်ကြောင်း။

ဤနေရာတွင် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးရေးအတွက် လယ်ယာသုံးစက်ကိရိယာများကို များများစားစား တွင်တွင်ကျယ်ကျယ် အသုံးချနိုင်အောင် ဒီဇယ်ဆီအစားထိုး အသုံးပြုနိုင်သည့် ဇီဝလောင်စာထုတ်လုပ်ရေးကို အလေးထားဆောင်ရွက်ရန်လိုအပ်ကြောင်း။

မြန်မာနိုင်ငံ၏ အခြေအနေအရ ခြံစည်းရိုး ကြက်ဆူပင်များသည် မြေနေရာမရွေး ရှင်သန်နိုင်ပြီး ဇီဝလောင်စာကိုထုတ်ယူနိုင်ကြောင်း ခိုင်လုံနေပြီဖြစ်သည့်အတွက် နိုင်ငံတော်အကြီးအကဲက ဇီဝလောင်စာ ထုတ်ယူနိုင်သည့် ကြက်ဆူပင်များကို အရှိန်အဟုန်ရှိရှိ တိုးချဲ့စိုက်ပျိုးရန် ပြည်နယ်၊ တိုင်းအလိုက် တာဝန်ပေးပြီးဖြစ်ကြောင်း၊ ကြက်ဆူပင်မှ လောင်စာဆီကို ရနိုင်သည့်အပြင် ကြက်ဆူကြိတ်ဖတ်များသည်လည်း နိုက်ထရိုဂျင်ပါဝင်မှုနှုန်းများသည့်အတွက် ဓာတ်မြေသြဇာအဖြစ် ပြန်လည်အသုံးပြုနိုင်ကြောင်း၊ ထို့ကြောင့် ကြက်ဆူပင်ကို တိုးချဲ့စိုက်ပျိုးပြီး လယ်ယာကဏ္ဍကို မြှင့်တင်ခြင်း၊ ဝင်ငွေတိုးပွားအောင် ကြိုးစားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ထပ်ဆင့်ရှင်းလင်းမှာကြားရမည်ဆိုလျှင် လူများအတွက် စားနပ်ရိက္ခာဖူလုံအောင် နယ်မြေအလိုက် ဆန်စပါးတိုးချဲ့စိုက်ပျိုးထုတ်လုပ်ရေးနှင့် စက်ယန္တရားများအတွက် ရေနံလောင်စာအစား ဇီဝလောင်စာ တိုးချဲ့အသုံးပြုနိုင်အောင် ကြက်ဆူပင်တိုးချဲ့စိုက်ပျိုးရေးကို အမျိုးသားရေးတာဝန်အဖြစ် ခံယူလုပ်ကိုင်သွားကြရန်၊ စီးပွားရေးအင်အား တောင့်တင်းအောင် ကြိုးစားကြရန်ဖြစ်ကြောင်း။

ဆက်လက်တည်ဆောက်

တိုင်းပြည် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ်လိုအပ်နေသည့် အခြေခံကောင်းများကို နိုင်ငံတော်အစိုးရသည် ပြည်သူများ၏ အားကိုရယူပြီး ကိုယ့်ခွန်ကိုယ့်အားဖြင့်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❐

အမျိုးသားရေးတာဝန်အဖြစ် ခံယူလုပ်ကိုင်

စားနပ်ရိက္ခာဖူလုံအောင် နယ်မြေအလိုက် ဆန်စပါး တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရေးနှင့် စက်ယန္တရားများအတွက် ရေနံလောင်စာအစား ဇီဝလောင်စာ တိုးချဲ့အသုံးပြုနိုင်အောင် ကြက်ဆူပင် တိုးချဲ့စိုက်ပျိုးရေးကို အမျိုးသားရေးတာဝန်အဖြစ် ခံယူလုပ်ကိုင်။

အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှုအသွင်သဏ္ဍာန်နှင့် အနှစ်သာရ အပိုင်း(၁)

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်၏ ပထမအဆင့်လည်းဖြစ်ပြီးအရေးအကြီးဆုံးလည်းဖြစ်သည့်အမျိုးသားညီလာခံကို ကျင်းပလျက်ရှိရာ ပြည်ထောင်စုကြီးတစ်ခုလုံးနှင့် တိုင်းရင်းသားလူမျိုးစုအားလုံးကို ကိုယ်စားပြုထားသော ညီလာခံကိုယ်စားလှယ်များက နိုးကြားတက်ကြွစွာ ပါဝင်တက်ရောက် ဆွေးနွေးညှိနှိုင်းလျက်ရှိနေကြပါသည်။ အဆိုပါ အမျိုးသားညီလာခံကြီးက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အသေးစိတ်အခြေခံရမည့် မူများကို ဆက်လက်ချမှတ်ပေးလျက်ရှိနေပါသည်။

အမျိုးသားညီလာခံကြီးက ချမှတ်ထားပြီးဖြစ်သော အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့်မူများအရ ပေါ်ပေါက်လာမည့် အနာဂတ်နိုင်ငံတော်၏ တည်ဆောက်မှုပုံသဏ္ဍာန်နှင့် အနှစ်သာရကို ပြီးခဲ့သောဆောင်းပါးဖြင့် ဆင့်ကမ်းဝေငှ ဖောက်သည်ချခဲ့ပြီး ဖြစ်ပါသည်။

နိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ပြဋ္ဌာန်းမည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်တွင် အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သော ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းခြင်းများ ဆောင်ကြဉ်းသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ရာ ယခုဆောင်းပါးဖြင့် အနာဂတ်နိုင်ငံတော်တွင် ပေါ်ပေါက်လာမည့် ဥပဒေပြုမှုနှင့်စပ်လျဉ်းသည့် အသွင်သဏ္ဍာန်နှင့် အနှစ်သာရကို တိုင်းရင်းသားပြည်သူတို့၏ မြင်ကွင်း၌ ထင်လင်းစွာ ပုံပေါ်လာရေးအတွက် ဘကြီးစိုး၊ ကြီးကြီးမြနှင့် ကျွန်တော်တို့၏ စကားဝိုင်းလေးမှ ဆွေးနွေးကြားသိရသမျှ ပြန်လည်တင်ပြလိုက်ရပါသည်။

ဘကြီးစိုး – လာဟေ့ မောင်ကျော်။ ဒီနေ့တော့ ဒို့ပြည်ထောင်စု မြန်မာနိုင်ငံတော်ရဲ့ ဥပဒေပြုရေးအာဏာကို ဒီမိုကရေစီနည်းလမ်းတကျ ညီညီညွတ်ညွတ် မျှမျှတတနဲ့ ဘယ်လိုခွဲဝေကျင့်သုံးသွားမယ်ဆိုတာကို ဆွေးနွေးကြရအောင်။

ကြီးကြီးမြ– မင်းဘကြီးက မောင်ကျော့်ကို မှန်မှန်ကန်ကန် တိတိကျကျ ရှင်းပြနိုင်အောင်ဆိုပြီး မနေ့ညကတည်းက မှတ်စုမှတ်တမ်းတွေ ထုတ်နေတာကွယ့်။

စိုးမြကျော်– ဒါကြောင့်မို့ ဘကြီးတို့၊ ကြီးကြီးတို့ကို ကျွန်တော် အားကိုးတကြီးနဲ့ အမြဲပဲအပူကပ်နေရတာပါ ကြီးကြီး။

ဘကြီးစိုး – နိုင်ငံတစ်နိုင်ငံကို တည်ဆောက် ပုံဖော်ရာမှာ မဏ္ဍိုင်ကြီးသုံးရပ်နဲ့ တည်ဆောက်ရတယ်ဆိုတာ မောင်ကျော်တို့လဲ သိပြီးသားပါ။ ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နဲ့ တရားရေးမဏ္ဍိုင်တွေ ကြံ့ကြံ့ခိုင်ခိုင်နဲ့ မယိမ်းမယိုင်ရှိနေမှ နိုင်ငံတော်လဲ တည်တည်ငြိမ်ငြိမ်နဲ့ ရေရှည် ရပ်တည်သွားနိုင်မယ် မဟုတ်လား။

စိုးမြကျော်–မှန်ပါတယ်ဘကြီး။ နိုင်ငံတိုင်းမှာ ဥပဒေပြုရေးမဏ္ဍိုင်ကို ပုံဖော်တဲ့ လွှတ်တော်တွေက ပြည်သူလူထုအတွက် လိုအပ်တဲ့ဥပဒေတွေကို ဆွေးနွေးပြဋ္ဌာန်းပေးကြရတယ်။ ဟောင်းနွမ်းပြီး ခေတ်နဲ့မလျော်ညီတော့တဲ့ ဥပဒေအဟောင်းတွေကိုလဲ ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်း ပြုလုပ်ရတယ်။ ဒါ့အပြင် အရေးကြီးတဲ့ နိုင်ငံရဲ့မူဝါဒတွေကိုလဲ ချမှတ်ပေးရတယ်လို့ သိရှိမှတ်သားခဲ့ရပါတယ် ဘကြီး။ ဒါကြောင့်မို့ အနာဂတ်မြန်မာနိုင်ငံရဲ့ ဥပဒေပြုရေးဆိုင်ရာတွေနဲ့ စပ်လျဉ်းပြီး ရှင်းပြပေးစေလိုပါတယ်။

ဘကြီးစိုး– ဘကြီးတို့ အမျိုးသားညီလာခံက အခြေခံရမယ့်မူတွေ ချမှတ်ခဲ့ရာမှာ ဥပဒေပြုရေးနဲ့စပ်လျဉ်းပြီး **“နိုင်ငံတော်၏ ဥပဒေပြုရေး အာဏာကို ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်များနှင့် ပြည်နယ်လွှတ်တော်များသို့ ခွဲဝေအပ်နှင်းသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေက သတ်မှတ်သော ဥပဒေပြုရေးအာဏာကို ခွဲဝေအပ်နှင်းမည်”**လို့ အဓိပ္ပာယ်ဖော်ပြ ချမှတ်ထားတယ်ကွယ့်။

စိုးမြကျော်– ဟုတ်ကဲ့ပါဘကြီး။ ဥပဒေပြုအဖွဲ့များရယ်လို့ လူအများသိထားကြတဲ့ လွှတ်တော်အဆင့်ဆင့်ကို ဘယ်လိုများ ဖွဲ့စည်းသွားမှာပါလဲ။

ဘကြီးစိုး– **လွှတ်တော် အဆင့်ဆင့်အနေနဲ့ ပြောရရင် ဗဟိုမှာ ပြည်ထောင်စု လွှတ်တော်ရှိမှာဖြစ်ပြီး အဲဒီပြည်ထောင်စု လွှတ်တော်ကို ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော် ဆိုတဲ့ လွှတ်တော်(၂)ရပ်နဲ့ ဖွဲ့စည်းသွားမှာဖြစ်တယ်။ ဒါ့အပြင် တိုင်းဒေသကြီးလွှတ်တော် (၇)ခုနဲ့ ပြည်နယ်လွှတ်တော်(၇)ခု၊ ပြီးတော့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့(၁)ခုနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ (၅)ခုတို့ကို ဖွဲ့စည်းသွားမှာဖြစ်တယ်။**

စိုးမြကျော်–ဒါဆိုကျွန်တော်နားလည်သဘောပေါက်သလို ဖော်ပြရရင်–

အနာဂတ်နိုင်ငံတော်ရဲ့ ဥပဒေပြုမှုပုံသဏ္ဍာန်မှာ ဥပဒေပြုအဖွဲ့ (၇)ဖွဲ့ရှိလာမယ်။ အဲဒီ (၇)ဖွဲ့ကတော့–

(၁) ပြည်ထောင်စုလွှတ်တော်၊

(၂) ပြည်သူ့လွှတ်တော်၊

(၃) အမျိုးသားလွှတ်တော်၊

(၄) တိုင်းဒေသကြီးလွှတ်တော်၊

(၅) ပြည်နယ်လွှတ်တော်၊

(၆) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့၊

(၇) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့ ဖြစ်တယ်လို့ ပြောလို့ရမယ် ထင်ပါတယ်။

ဘကြီးစိုး– မြင်သာထင်သာအောင် ပြောမယ်ဆိုရင်တော့ အဲဒီအတိုင်း ပြော လို့ရပါတယ်။ **ဗဟိုကနေ ဆင်းသက်မှုအရပြောရရင် (၁) ပြည်ထောင်စုလွှတ်တော် (ပြည်သူ့လွှတ်တော်နှင့် အမျိုးသား လွှတ်တော်)၊ (၂) တိုင်းဒေသကြီးလွှတ်တော်များ/ ပြည်နယ် လွှတ်တော်များ၊ (၃) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များလို့ ဆိုရမှာဖြစ်တယ်။**

ကြီးကြီးမြ– ကိုစိုး အရင်ဆွေးနွေးခဲ့တဲ့ နိုင်ငံတော် တည်ဆောက်မှုပုံသဏ္ဍာန်မှာ ပြည်ထောင်စုနယ်မြေနှစ်ခုလဲ ပါခဲ့တယ်မဟုတ်လား။ အဲဒီ ပြည်ထောင်စုနယ်မြေ နှစ်ခုအတွက်ရော ဥပဒေပြုအဖွဲ့ သီးခြားမရှိဘူးလား။

စိုးမြကျော်– ကြီးကြီးပြောတဲ့ အဲဒီအချက်ကို ရှင်းပြပေးပါဦး ဘကြီး။

ဘကြီးစိုး – ဟိုတစ်နေ့က ဘကြီးတို့ဆွေးနွေးကြတဲ့အထဲမှာ ပြည်ထောင်စု နယ်မြေနှစ်ခုအကြောင်း ဆွေးနွေးခဲ့တယ်နော်။ ရန်ကုန်မြို့တော်နဲ့ ကိုကိုးကျွန်းကို ပြည်ထောင်စု နယ်မြေတွေအဖြစ် ဖွဲ့စည်းသွားမယ်လို့ ဆိုခဲ့တယ်။ အဲဒီ ပြည်ထောင်စုနယ်မြေတွေကို နိုင်ငံတော်သမ္မတရဲ့ အုပ်ချုပ်မှုအောက်မှာ တိုက်ရိုက်ထားရှိမယ်ဆိုပေမယ့် နိုင်ငံတော်သမ္မတက ရန်ကုန် မြို့တော်အတွက် ရန်ကုန် မြို့တော်ကောင်စီကို ဖွဲ့စည်းအုပ်ချုပ် စေမှာဖြစ်သလို ကိုကိုးကျွန်းကိုလဲ ရန်ကုန်မြို့တော် အုပ်ချုပ်ရေးနဲ့ ပူးပေါင်းဆောင်ရွက်သွားစေမှာဖြစ်တယ်ကွယ့်။

စိုးမြကျော်– ဒါဆို အဲဒီ ပြည်ထောင်စုနယ်မြေ (၂)ခုရဲ့ ဥပဒေပြုမှုကိုလဲ နိုင်ငံတော်သမ္မတ၊ဒါမှမဟုတ် သမ္မတက ဖွဲ့စည်း တာဝန်ပေးအပ်ထားတဲ့ ရန်ကုန်မြို့တော်ကောင်စီကပဲ ဆောင်ရွက်သွားမှာလား ခင်ဗျာ။

ဘကြီးစိုး– အဲဒီလိုသာဆိုရင် ဒီမိုကရေစီနည်းလမ်းမကျတဲ့အပြင် အချုပ်အခြာအာဏာကို တတ်နိုင်သမျှ ပိုင်းခြားကျင့်သုံးမယ်လို့ ချမှတ်ထားတဲ့ အခြေခံမူနဲ့လဲ ဘယ်ညီနိုင်တော့မလဲကွယ်။ ဒါကြောင့် ပြည်ထောင်စုနယ်မြေ(၂)ခုရဲ့ ဥပဒေပြုမှုအာဏာကို သမ္မတက မကိုင်တွယ်ဘဲ ပြည်ထောင်စုလွှတ်တော်ကပဲ ကိုင်တွယ်ဆောင်ရွက်ပေးဖို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ထားတယ်။

စိုးမြကျော်– သဘောပေါက်ပါပြီ ဘကြီး။ ခုနက ဆွေးနွေးခဲ့ကြတဲ့ ဥပဒေပြုအဖွဲ့(၇)ဖွဲ့ရဲ့ အခေါ်အဝေါ် အသုံးအနှုန်း၊ ဖွဲ့စည်းပုံတွေနဲ့ စပ်လျဉ်းပြီး ရှင်းပြပေးပါဦး။

ဘကြီးစိုး– **ပြည်သူ့လွှတ်တော်ဆိုတာ တစ်နိုင်ငံလုံးမှာရှိတဲ့ လူဦးရေကို အခြေခံပြီး ရွေးကောက်တင်မြှောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေရယ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနဲ့အညီအမည်စာရင်းတင်သွင်းတဲ့ တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်တွေရယ် စုပေါင်းပြီး ဖွဲ့စည်းတဲ့ လွှတ်တော်ပဲဖြစ်တယ်။**

စိုးမြကျော်– အမျိုးသားလွှတ်တော် ဆိုတာကကော ဘကြီး။

ဘကြီးစိုး– **အမျိုးသားလွှတ်တော်ဆိုတာကတော့ တိုင်းဒေသကြီးတွေနဲ့ ပြည်နယ်တွေက ဦးရေတူညီစွာ ရွေးကောက်တင်မြှောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေရယ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနဲ့အညီ အမည်စာရင်းတင်သွင်းတဲ့ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်တွေရယ် စုပေါင်းပြီး ဖွဲ့စည်းတဲ့ လွှတ်တော်ပဲဖြစ်တယ်။**

စိုးမြကျော်– ဒါဆို အဲဒီ လွှတ်တော်နှစ်ရပ်နဲ့စပ်လျဉ်းပြီး ထင်သာမြင်သာအောင် ပြောမယ်ဆိုရင် **လူဦးရေကို အခြေခံရွေးကောက်တင်မြှောက်တဲ့ လွှတ်တော်ကို “ပြည်သူ့လွှတ်တော်” (House of Representatives)၊ တိုင်းဒေသကြီးများနဲ့ ပြည်နယ်များမှ ကိုယ်စားလှယ်ဦးရေတူညီစွာ ရွေးကောက်တင်မြှောက်တဲ့ လွှတ်တော်ကို “အမျိုးသားလွှတ်တော်” (House of Nationalities)လို့ ဆိုရမှာပေါ့ ဘကြီး။**

ဘကြီးစိုး– အဲဒီ အဓိပ္ပာယ်ပါပဲကွယ်။ **အဲဒီ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်ဆိုတဲ့ လွှတ်တော်(၂)ရပ် ပါဝင်ပြီး ဖွဲ့စည်းမယ့်လွှတ်တော်ကို “ပြည်ထောင်စုလွှတ်တော်” လို့ ခေါ်ဝေါ်သွားလိမ့်မယ်။**

စိုးမြကျော်– ဒါဆို ပြည်ထောင်စုလွှတ်တော်ဟာ ရွေးကောက်တင်မြှောက်တဲ့စနစ်နဲ့ ဖွဲ့စည်းတဲ့ လွှတ်တော်မဟုတ်ဘူးပေါ့နော် ဘကြီး။

ဘကြီးစိုး– **ပြည်ထောင်စုလွှတ်တော်ကို သီးခြားရွေးကောက်တင်မြှောက်မှုနဲ့ ဖွဲ့စည်းမှာမဟုတ်ဘူး။ ခုနက ဘကြီးပြောတဲ့ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသား လွှတ်တော်ဆိုတဲ့ လွှတ်တော်နှစ်ရပ်ကို ပေါင်းပြီး ပြည်ထောင်စုလွှတ်တော် အဖြစ် ဖွဲ့စည်းသွားမှာဖြစ်တယ်။ ပြည်ထောင်စုကြီး တစ်ခုလုံးအတွက် ဥပဒေပြုမှုများကိုတော့ အဲဒီ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တို့က တာဝန်ယူဆောင်ရွက်ပေးကြမှာ ဖြစ်တယ်။**

စိုးမြကျော်– တိုင်းဒေသကြီးလွှတ်တော်တွေနဲ့ ပြည်နယ်လွှတ်တော်တွေကိုလဲ ဥပဒေပြုပိုင်ခွင့်ပေးအပ်ဖို့ ထည့်သွင်းဖွဲ့စည်းထားတာပဲ မဟုတ်လား ဘကြီး။

ဘကြီးစိုး– **မှန်ပါတယ်။ တိုင်းဒေသကြီးလွှတ်တော်တွေနဲ့ ပြည်နယ်လွှတ်တော်တွေကတော့ အဓိကအားဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေက သတ်မှတ်ပေးထားတဲ့ လုပ်ပိုင်ခွင့်အတွင်းကနေ ၎င်းတို့နဲ့သက်ဆိုင်ရာ တိုင်းဒေသကြီး၊**

ဒါမှမဟုတ် ပြည်နယ်တွေအတွ

ပြဋ္ဌာန်းနိုင်ကြမှာ ဖြစ်ပါတယ

စိုးမြကျော်– **တိုင်းဒေသကြီး(၇)ခုနဲ့ ပြည်**

နယ်မြေဒေသအလိုက် သက

တစ်နည်းဆိုရရင် ဥပဒေပြုေ

လာနိုင်တာဖြစ်သလို ဥပဒေ

ခွဲဝေကျင့်သုံးခွင့် ရရှိလာတ

သမိုင်းကဏ္ဍသစ်တစ်ရပ်ပဲနေ

ကြီးကြီးမြ– ဟုတ်တယ် မောင်ကျော်ရေ။

အခြေခံဥပဒေအရ ဒို့နိုင်ငံမှာ

အစည်းအဖြစ် ပြည်သူ့လွှတ်

အဲဒီလွှတ်တော်(၂)ရပ်ပေါင်းတဲ့

ကယားပြည်နယ်၊ ကရင်ပြည်

များသာ ရှိခဲ့တယ်။ ၁၉၇၄ဖွဲ့

တော့ ပြည်သူ့လွှတ်တော်

အနာဂတ် နိုင်ငံတော်မှာတော့

ခုနက မင်းဘကြီးပြောတဲ့

ပြည်သူ့ လွှတ်တော်၊ အမျ

တိုင်းဒေသကြီး လွှတ်တော် (

(၇)ခုကိုသာမက ကိုယ်ပိုင်အု

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦ

ဥပဒေပြုခွင့်အာဏာ ခွဲဝေ

အသေးစိတ်အခြေခံရမယ့်မှု

ဒီမိုကရေစီနည်းလမ်း တက

မျှမျှတတ ဥပဒေပြုခွင့် ရရှိ

ထင်ရှားနေတယ်လေ။

ဘကြီးစိုး– ဒါဟာ ပြည်သူ့ထံမှ ပြည်သူထံ

ခွဲဝေသက်ဆင်းမှုဖြစ်တာမို့ တ

လုံးက နှစ်ထောင်းအားရ သ

ကွယ်။

စိုးမြကျော်– အားလုံး နှစ်ထောင်းအားရရှိ

ဒါနဲ့ ဗဟိုမှာရော တိုင်းဒေသက

ဥပဒေပြုအဖွဲ့အသီးသီးကို ဂ

ထားပေမယ့် ကိုယ်ပိုင်အုပ်ချုပ်

ခွင့်ရဒေသတွေရဲ့ ဥပဒေပြုအ

ခွင့်ရ တိုင်းဦးစီးအဖွဲ့၊ ကိုယ်ပိုင်

လို့ပဲ ခေါ်ဝေါ်သုံးစွဲထားတာ

ရှင်းပြပေးပါဦး ဘကြီး။

ဘကြီးစိုး– **ပြည်ထောင်စုနဲ့ တိုင်းဒေသ**

ဥပဒေပြုခွင့် အာဏာကို လွှတ်

အုပ်ချုပ်မှုအာဏာကိုတော့ အဖ

ကြတယ်။ ဥပဒေပြုခွင့်အာဏာ

ခွဲဝေကျင့်သုံးစေတယ်။ ကိုယ

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ

အာဏာနဲ့ အုပ်ချုပ်ရေးအာဏ

တစ်ခုတည်းကပဲ ကိုင်တွယ်

ဒါကြောင့်မို့ ကိုယ်ပိုင်အုပ်ချ

တော့ လွှတ်တော်လို့ မသုံးနှ

သုံးနှုန်းတာဖြစ်တယ်ကွယ့်။

သလို၊ အနှစ်သာရမှာတော့ အ

ကြီးကြီးမြ– **ဒါဟာ လျော်ကန်သင့်မြတ်**

တစ်ဆက်တစ်စပ်တည်း နေ

လူမျိုးစုတွေအတွက် သူတို့နေ

တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ

ပိုပြီး ထိထိရောက်ရောက် ဆော

အာဏာနဲ့ အုပ်ချုပ်ရေးအာဏ

နည်းလမ်းတကျနဲ့ ပူးတွဲကျင်း

နော်။

စိုးမြကျော်– မှန်ပါတယ်ကြီးကြီး။ ဒေသအ

တွေရဲ့ အကျိုးစီးပွားကို

ဥစ္စာရင်လို ဥစ္စာရင်ခဲနဲ့ ဖိ

ဆောင်ကြဉ်းနိုင်အောင်

အခွင့်အလမ်းသစ်တွေဖြစ်လို့

ခင်ဗျာ။

ဘကြီးစိုး– ဒါပေါ့ကွယ်။ ဒါဟာ အနာဂ

အသွင်သဏ္ဍာန်အရ ပေါ်

> အနာဂတ် နိုင်ငံတော်မှာတော့ ဥပဒေပြုမှု အဖွဲ့တွေအဖြစ် ခုနက မင်းဘကြီးပြောတဲ့ ပြည်ထောင်စု လွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသား လွှတ်တော်တို့အပြင် တိုင်းဒေသကြီး လွှတ်တော်(၇)ခုနဲ့ ပြည်နယ်လွှတ်တော် (၇)ခုကို သာမက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့တွေကိုပါ ဖွဲ့စည်းပြီး ဥပဒေပြုခွင့် အာဏာခွဲဝေအပ်နှင်းတဲ့ အခြေခံမူတွေ၊ အသေးစိတ် အခြေခံရမယ့်မူတွေ ချမှတ်ပေးပြီး ဖြစ်လို့ ဒီမိုကရေစီနည်းလမ်းတကျနဲ့ တိုင်းရင်းသားအားလုံး မျှမျှတတ ဥပဒေပြုခွင့် ရရှိကြမှာဖြစ်ကြောင်း ပေါ်လွင်ထင်ရှားနေတယ်လေ။

...ဝရ အပိုင်း(၁)

စိုးမြကျော်

ဒါမှမဟုတ် ပြည်နယ်တွေအတွက် လိုအပ်မယ့် ဥပဒေတွေကို ပြဋ္ဌာန်းနိုင်ကြမှာ ဖြစ်ပါတယ်။

စိုးမြကျော်– **တိုင်းဒေသကြီး(၇)ခုနဲ့ ပြည်နယ်(၇)ခုအနေနဲ့ မိမိတို့ နယ်မြေဒေသအလိုက် သက်ဆိုင်ရာ လွှတ်တော်တွေ၊ တစ်နည်းဆိုရရင် ဥပဒေပြုရေးဆိုင်ရာ အဖွဲ့တွေ ဖွဲ့စည်းလာနိုင်တာဖြစ်သလို ဥပဒေပြုရေးဆိုင်ရာ အာဏာကိုလဲ ခွဲဝေကျင့်သုံးခွင့် ရရှိလာတာဟာ မျက်မှောက်ခေတ်ရဲ့ သမိုင်းကဏ္ဍသစ်တစ်ရပ်ပဲနော် ကြီးကြီး။**

ကြီးကြီးမြ– ဟုတ်တယ် မောင်ကျော်ရေ။ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ဒို့နိုင်ငံမှာ ဟိုအရင်က ဥပဒေပြု အဖွဲ့ အစည်းအဖြစ် ပြည်သူ့လွှတ်တော်နဲ့ လူမျိုးစုလွှတ်တော်၊ အဲဒီလွှတ်တော်(၂)ရပ်ပေါင်းတဲ့ ပါလီမန်နဲ့ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်ကောင်စီ များသာ ရှိခဲ့တယ်။ ၁၉၇၄ဖွဲ့စည်းပုံ အခြေခံဥပဒေကျပြန် တော့ ပြည်သူ့လွှတ်တော်တစ်ခုတည်းပဲ ရှိခဲ့တယ်။ **အနာဂတ် နိုင်ငံတော်မှာတော့ ဥပဒေပြုမှုအဖွဲ့တွေအဖြစ် ခုနက မင်းဘကြီးပြောတဲ့ ပြည်ထောင်စု လွှတ်တော်၊ ပြည်သူ့ လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့အပြင် တိုင်းဒေသကြီး လွှတ်တော် (၇)ခုနဲ့ ပြည်နယ်လွှတ်တော် (၇)ခုကိုသာမက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့တွေကိုပါ ဖွဲ့စည်းပြီး ဥပဒေပြုခွင့်အာဏာ ခွဲဝေအပ်နှင်းတဲ့ အခြေခံမူတွေ၊ အသေးစိတ်အခြေခံရမယ့်မူတွေ ချမှတ်ပေးပြီးဖြစ်လို့ ဒီမိုကရေစီနည်းလမ်း တကျနဲ့ တိုင်းရင်းသားအားလုံး မျှမျှတတ ဥပဒေပြုခွင့် ရရှိကြမှာဖြစ်ကြောင်း ပေါ်လွင် ထင်ရှားနေတယ်လေ။**

ဘကြီးစိုး– ဒါဟာ ပြည်သူ့ထံမှ ပြည်သူထံသို့ဆိုတဲ့ နိုင်ငံတော်အာဏာ ခွဲဝေသက်ဆင်းမှုဖြစ်တာမို့ တိုင်းရင်းသားပြည်သူ တစ်ရပ် လုံးက နှစ်ထောင်းအားရ သဘောကျကြမှာ ဧကန်ပါပဲ ကွယ်။

စိုးမြကျော်– အားလုံး နှစ်ထောင်းအားရရှိလာကြမှာ အမှန်ပါပဲခင်ဗျာ။ ဒါနဲ့ ဗဟိုမှာရော တိုင်းဒေသကြီးတွေနဲ့ ပြည်နယ် တွေမှာပါ ဥပဒေပြုအဖွဲ့အသီးသီးကို လွှတ်တော်လို့ ခေါ်ဝေါ်သုံးစွဲ ထားပေမယ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနဲ့ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသတွေရဲ့ ဥပဒေပြုအဖွဲ့ကိုတော့ ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရ တိုင်းဦးစီးအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ လို့ပဲ ခေါ်ဝေါ်သုံးစွဲထားတာ တွေ့ရပါတယ်။ အဲဒီအချက်ကို ရှင်းပြပေးပါဦး ဘကြီး။

ဘကြီးစိုး– **ပြည်ထောင်စုနဲ့ တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေမှာ ဥပဒေပြုခွင့် အာဏာကို လွှတ်တော်အသီးသီးက ကျင့်သုံးပြီး အုပ်ချုပ်မှုအာဏာကိုတော့ အစိုးရအဖွဲ့အသီးသီးက ကျင့်သုံး ကြတယ်။ ဥပဒေပြုခွင့်အာဏာနဲ့ အုပ်ချုပ်ရေးအာဏာကို ခွဲဝေကျင့်သုံးစေတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွေမှာတော့ ဥပဒေပြုခွင့် အာဏာနဲ့ အုပ်ချုပ်ရေးအာဏာကို သက်ဆိုင်ရာဦးစီးအဖွဲ့ တစ်ခုတည်းကပဲ ကိုင်တွယ်ကျင့်သုံးခွင့် ပြုထားတယ်။ ဒါကြောင့်မို့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနဲ့ ဒေသတွေမှာ တော့ လွှတ်တော်လို့ မသုံးနှုန်းတော့ဘဲ ဦးစီးအဖွဲ့လို့သာ သုံးနှုန်းတာဖြစ်တယ်ကွယ့်။ အသွင်သဏ္ဌာန်အရ ထူးခြား သလို၊ အနှစ်သာရမှာတော့ အများကြီးပိုထူးတာပေါ့ကွယ်။**

ကြီးကြီးမြ– **ဒါဟာ လျော်ကန်သင့်မြတ်သော လူဦးရေရှိပြီး နယ်မြေ တစ်ဆက်တစ်စပ်တည်း နေထိုင်လာကြတဲ့ တိုင်းရင်းသား လူမျိုးစုတွေအတွက် သူတို့နေထိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေရဲ့ အကျိုးစီးပွားကို ပိုပြီး ထိထိရောက်ရောက် ဆောင်ရွက်နိုင်အောင် ဥပဒေပြုခွင့် အာဏာနဲ့ အုပ်ချုပ်ရေးအာဏာကို သဘာဝကျကျ၊ တရား နည်းလမ်းတကျနဲ့ ပူးတွဲကျင့်သုံးစေလိုက်တဲ့ အနှစ်သာရပဲ နော်။**

စိုးမြကျော်– မှန်ပါတယ်ကြီးကြီး။ ဒေသအလိုက် တိုင်းရင်းသားလူမျိုးစု တွေရဲ့ အကျိုးစီးပွားကို သူတို့ ကိုယ်တိုင်ကိုယ်ကျ ဥစ္စာရင်လို ဥစ္စာရင်ခဲနဲ့ ဖိဖိစီးစီး ထိထိရောက်ရောက် ဆောင်ကြဉ်းနိုင်အောင် ဖော်ဆောင်ပေးလိုက်တဲ့ အခွင့်အလမ်းသစ်တွေဖြစ်လို့ တကယ့်ကို ဝမ်းသာစရာပါပဲ ခင်ဗျာ။

ဘကြီးစိုး– ဒါပေါ့ကွယ်။ ဒါဟာ အနာဂတ်နိုင်ငံတော်ရဲ့ ဥပဒေပြုမှု အသွင်သဏ္ဌာန်အရ ပေါ်လွင်ထင်ရှားတဲ့ ထူးခြားမှု ဖြစ်တယ်။ အနှစ်သာရကို ကြည့်ရင်လဲ တိုင်းရင်းသား လူနည်းစုတွေအတွက် ဒီမိုကရေစီအခွင့်အလမ်းတွေ ကျယ်ကျယ် ပြန့်ပြန့် ပွင့်လန်းလာစေတာပဲ ဖြစ်တယ်ကွယ့်။

ကြီးကြီးမြ– **ဟိုအရင် ၁၉၄၇ အခြေခံဥပဒေအရ ပြည်နယ်ကောင်စီ (၄)ခုမှာသာ ပြည်နယ်အလိုက် ဥပဒေပြုခွင့်ရှိခဲ့တယ်။ ချင်းဝိသေသတိုင်းက ဥပဒေပြုခွင့်အာဏာ မရှိခဲ့ဘူး။ ၁၉၇၄ အခြေခံဥပဒေမှာတော့ ပြည်နယ်တွေမှာ ဥပဒေပြုခွင့် အာဏာ မရှိခဲ့ဘူး။ အခုဆိုရင် တိုင်းဒေသကြီး(၇)ခုနဲ့ ပြည်နယ် (၇)ခုမှာပါ လွှတ်တော်တွေ ဖွဲ့စည်းခွင့်ရှိလာပြီး ဥပဒေပြုခွင့် အာဏာကိုပါ ခွဲဝေရရှိလာတော့မှာဖြစ်တယ်။ ဒါတင် မကဘဲ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသတွေအထိ ဥပဒေပြုခွင့်အာဏာကို ထိုက်သင့်မျှတစွာ ရရှိအောင် လမ်းညွှန်ဖော်ဆောင်ပေးနေတဲ့ နိုင်ငံတော်နဲ့ အမျိုးသားညီလာခံ ကိုယ်စားလှယ်များရဲ့ စေတနာဟာ မည်ကာမတ္တ စေတနာမဟုတ်ဘူးလို့ ကြီးကြီးက ပြောလိုက်ချင်ပါတယ်ကွယ်။**

စိုးမြကျော်– ဟုတ်ကဲ့ပါ ကြီးကြီး။ ကျွန်တော်တို့ကိုယ်တိုင်က နိုင်ငံ့အကြီး အကဲတွေရဲ့ ဩဝါဒအမှာစကားတွေ၊ လုပ်ငန်းလမ်းညွှန်မှု တွေ၊ သဘောထားအမြင်တွေကို နေ့စဉ်နဲ့အမျှ ကြားနာ ခံယူပြီး လက်တွေ့လိုက်နာကျင့်သုံး အကောင်အထည်ဖော် နေရလို့ နိုင်ငံတော်နဲ့ အကြီးအကဲများရဲ့ စေတနာကို အကြွင်းမဲ့ သက်ဝင်ယုံကြည်လျက် ရှိနေတာဖြစ်ပါတယ်။ ထို့အတူပဲ မှန်ကန်သော သတင်းစကားတွေကို တစ်ဆင့် စကား တစ်ဆင့်နား ကြားရုံတင်မကဘဲ နိုင်ငံတော်ရဲ့ စေတနာ မေတ္တာအသီးအပွင့်တွေကို မျက်မြင်ကိုယ်တွေ့ ကိုယ်ထိ လက်ရောက် ရရှိခံစားနေကြရတဲ့ တိုင်းရင်းသား ပြည်သူတွေကလဲ နိုင်ငံတော်ရဲ့ မွန်မြတ်ဖြူစင်တဲ့ လုပ်ဆောင်ချက်တွေကို သဘောပေါက်နေကြပါတယ်။

ဘကြီးစိုး– ဒါပေါ့ကွယ်။ **ဒို့နိုင်ငံရဲ့ နိုင်ငံရေးအရ တိုးတက်ဖြစ်ပေါ် ပြောင်းလဲမှုမှာ အရေးအကြီးဆုံး အပိုင်းဖြစ်တဲ့ အမျိုးသား ညီလာခံကြီးကနေ တိုင်တိုင်ပင်ပင် ညှိညှိနှိုင်းနှိုင်းနဲ့ ဆွေးနွေးချမှတ်ပေးနေတဲ့ အခြေခံမူတွေ၊ အခြေခံရမယ့် မူတွေနဲ့စပ်လျဉ်းပြီး ပြည်သူတွေ ပိုမို နားလည်သဘော ပေါက်လာတာနဲ့အမျှ နိုင်ငံတော်ရဲ့ အနာဂတ်ခရီးလမ်းမှာ တစ်စိတ်တစ်ဝမ်းတည်း ဦးထမ်းပဲ့ထမ်းနဲ့ ပိုမိုဖြောင့်တန်း သာယာ ခရီးတွင်လာမှာ သေချာပါတယ်။**

စိုးမြကျော်– ဟုတ်ကဲ့ပါဘကြီး။ ဗဟိုကနေ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတွေအထိ ဥပဒေပြုခွင့်အာဏာခွဲဝေပေးထားတာဟာ တရားမျှတပြီး သဘာဝလဲကျပါတယ်။ ပြည်ထောင်စု နယ်မြေတွေအတွက် ဥပဒေပြုခွင့်ကိုတော့ ပြည်ထောင်စု လွှတ်တော်ထံ အပ်နှင်းထားတယ်လို့ သိရတာမို့ အဲဒီလို ဥပဒေပြုတဲ့အခါမှာ ဥပဒေပြုခွင့်အကြောင်းအရာတွေ သတ်မှတ်ပိုင်းခြားထားတာ ရှိ မရှိ သိပါရစေ။

ဘကြီးစိုး– ပြည်ထောင်စုနယ်မြေတွေအတွက် ဥပဒေပြုခွင့်အာဏာကို ပြည်ထောင်စု လွှတ်တော်ထံ အပ်နှင်းထားတာမို့ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသမျှ ဥပဒေတွေဟာ ပြည်ထောင်စုနယ်မြေတွေအပေါ်မှာလဲ အာဏာသက်ရောက် မှာ ဖြစ်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်ဥပဒေပြုစာရင်း၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းနဲ့ဒေသ ဥပဒေပြုစာရင်း တွေမှာပါတဲ့ အကြောင်းအရာတွေကိုပါ ပြည်ထောင် စုနယ်မြေတွေအတွက် ဥပဒေ ပြဋ္ဌာန်းပေးဖို့လိုအပ်ရင် ပြည်ထောင်စုလွှတ်တော်က လိုအပ်တဲ့ဥပဒေကို ပြဋ္ဌာန်း ပေးရမယ်လို့ အသေးစိတ် အခြေခံရမယ့်မူ ချမှတ်ထား တယ်ကွယ့်။ ဒါကြောင့်မို့ ဥပဒေပြုခွင့်အာဏာကို ပြည်ထောင်စု လွှတ်တော်ကသာ ကိုင်စွဲကျင့်သုံးမှာဖြစ်ပြီး ပြည်ထောင်စုနယ်မြေကို တိုက်ရိုက်အုပ်ချုပ်တဲ့ နိုင်ငံတော် သမ္မတမှာ သော်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ ကောင်စီမှာသော်လည်းကောင်း ကျင့်သုံးခွင့် ရှိမှာမဟုတ်ဘူး။

စိုးမြကျော်– **အခုလို ပြည်ထောင်စုကြီးတစ်ခုလုံးအတွက် ခြုံငုံစဉ်းစား သလို နယ်မြေဒေသအသီးသီးအတွက်ပါ သီးခြားစီ စဉ်းစား ပြီး သင့်တော်မှန်ကန်တဲ့ ဥပဒေပြုခွင့်တွေကို အကြောင်းအရာ အလိုက် ပိုင်းခြားသတ်မှတ်ပေးထားတာဟာ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးရဲ့အကျိုးကို ဦးစားပေး ရေးရှုထားတာ ဖြစ်ကြောင်း ပေါ်လွင်ထင်ရှားနေပါတယ်ခင်ဗျာ။**

ကြီးကြီးမြ– ဥပဒေပြုခွင့်အာဏာကို အဲဒီလို အဆင့်ဆင့်ခွဲဝေအပ်နှင်း သွားရာမှာ တစ်ဆင့်နဲ့တစ်ဆင့် မတူညီသော ဥပဒေပြုမှု တွေရှိလာပြီး ဝိရောဓိဖြစ်စရာတွေနဲ့ ကြုံလာခဲ့ရင် ဘယ်လို အဆုံးအဖြတ်နဲ့ ဘယ်ဥပဒေကို အတည်ယူရမှာလဲဆိုတာ ရှင်းပြပေးပါဦး ကိုစိုး။

ဘကြီးစိုး– အဲဒီအတွက်လဲ သို့လောသို့လော အငြင်းပွားဖွယ်ရာမဖြစ် ရအောင်၊ ဒီမိုကရေစီနည်းလမ်းတကျဖြစ်အောင် ကြိုတင် မြော်တွေးပြီး ပုံဖော်ပေးထားပါတယ်။ **ဥပမာပြောရရင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့၊ ဒါမှမဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တွေက ပြဋ္ဌာန်းတဲ့ဥပဒေဟာ ၎င်းတို့ရဲ့ သက်ဆိုင်ရာတိုင်းဒေသကြီး လွှတ်တော်/ပြည်နယ် လွှတ်တော်တို့က ပြဋ္ဌာန်းတဲ့ ဥပဒေနဲ့ဆန့်ကျင်နေမယ်ဆိုရင် တိုင်းဒေသကြီးလွှတ်တော်၊ ဒါမှမဟုတ် ပြည်နယ် လွှတ်တော်က ပြဋ္ဌာန်းတဲ့ဥပဒေကိုသာ အတည်ယူ ရမယ်လို့ သတ်မှတ်ထားတယ်။**

စိုးမြကျော်– **အနည်းစုက အများစုရဲ့ဆန္ဒကို လေးစားလိုက်နာရတဲ့ ဒီမိုကရေစီ အနှစ်သာရပါပဲခင်ဗျာ။**

ဘကြီးစိုး– **အလားတူပဲ တိုင်းဒေသကြီးလွှတ်တော် ဒါမှမဟုတ် ပြည်နယ် လွှတ်တော်တွေက ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေဟာ ပြည်ထောင်စု လွှတ်တော်က ပြဋ္ဌာန်းတဲ့ဥပဒေနဲ့ ဆန့်ကျင်နေမယ်ဆိုရင်လဲ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းတဲ့ ဥပဒေကိုသာ အတည်ယူရမယ်လို့ အသေးစိတ် အခြေခံရမယ့်မူအဖြစ် ချမှတ်ထားတယ်ကွယ့်။**

စိုးမြကျော်– **နိုင်ငံတော်ရဲ့ အစိတ်အပိုင်းတွေက အလုံးစုံသော နိုင်ငံတော်ရဲ့ အဆုံးအဖြတ်ကို လေးစားလိုက်နာ ရတဲ့ သဘောမို့ ဒီမိုကရေစီ အနှစ်သာရ ပြည့်ဝနေပါတယ်ဘကြီး။**

ကြီးကြီးမြ– တကယ်လို့များ ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသဦးစီး အဖွဲ့တွေက ပြဋ္ဌာန်းလိုက်တဲ့ဥပဒေဟာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ ဆန့်ကျင်တဲ့ အနေအထားကို ရောက်ရှိလာရင်ကော ဘယ်လို ဆက်လက် ဆောင်ရွက်သွားမှာလဲ ကိုစိုး။

ဘကြီးစိုး– အဲဒါလဲ ရှင်းပါတယ်ကွယ်။ **နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုတာ ပြည်သူတွေက အချုပ်အခြာအာဏာရဲ့ ခက်မသုံးဖြာကို ဘယ်သူတွေအနေနဲ့ ဘယ်လောက်အတိုင်းအတာအထိ ခွဲဝေကျင့်သုံးရမယ်ဆိုတာ ပြဋ္ဌာန်းပြီး တာဝန်ပေးအပ်ထားတာဖြစ်တာမို့ ဖွဲ့စည်းပုံအခြေခံ ဥပဒေသည်သာ ဒို့ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးတွက် အခရာ ဖြစ်တယ်။ ဒါကြောင့်မို့ အဓိကကျတဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေရဲ့ ပြဋ္ဌာန်းချက်ကိုသာ အတည်ယူရမယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေဟူသော နှုန်းစံနဲ့သာ အရာရာကို တိုင်းတာ ကျင့်သုံးသွားရမှာဖြစ်တယ်။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ ဆန့်ကျင်တဲ့ ဘယ်ဥပဒေကိုမဆို ပြဋ္ဌာန်းလို့ မရဘူးလေ။**

ကြီးကြီးမြ– ဘယ်ခေတ် ဘယ်အခါကမျှ မရရှိခဲ့ဖူးတဲ့ ဒီမိုကရေစီပိုင်ခွင့်တွေကို မျက်မှောက်ခေတ်မှာ တိုင်းရင်းသားလူမျိုးစုငယ်တွေအထိ ရရှိကြတော့မှာဖြစ်လို့ ကြီးကြီးတို့တော့ မုဒိတာပွားပြီး အားရနေမိပါရဲ့ကွယ်။

စိုးမြကျော်– မှန်ပါတယ်ကြီးကြီး။ ဟိုအရင် ကြီးကြီးတို့ကြုံခဲ့ရ ဆုံခဲ့ရတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတွေနဲ့ နှိုင်းယှဉ်ရင် ဘယ်လိုအနေအထား ရှိနေပါသလဲခင်ဗျာ။

ကြီးကြီးမြ– ပါလီမန်ဒီမိုကရေစီခေတ်တုန်းက ပြည်သူ့လွှတ်တော်နဲ့ လူမျိုးစုလွှတ်တော်၊ အဲဒီလွှတ်တော် (၂)ရပ်ပေါင်းထားတဲ့ ပါလီမန်နဲ့ပြည်နယ်ကောင်စီ (၄)ခုကပဲ ဥပဒေပြုခွင့် ရှိခဲ့တယ်ကွယ့်။ ထို့အတူပဲ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်မှာ ပြည်သူ့လွှတ်တော်တစ်ရပ်တည်းကသာ တစ်နိုင်ငံလုံးအတွက် ဥပဒေပြုခွင့်အာဏာကို ကိုင်ဆောင်ထားခဲ့တယ်။ ဒါပေမယ့် အခုအခါမှာ တော့အမျိုးသားညီလာခံကြီးက နိုင်ငံတော်နဲ့ တိုင်းရင်းသားလူမျိုးတွေရဲ့ ပကတိ အရှိတရားကို အခြေခံပြီး အခုလို ဥပဒေပြုခွင့်အာဏာကို ကျယ်ကျယ်ပြန့်ပြန့် ခွဲဝေပေးနိုင်ဖို့ လမ်းခင်း ပုံဖော်ပေးနေတာဟာ ပို၍ပို၍ တရားနည်းလမ်းကျတာမို့ ကြီးကြီးတို့ကတော့ ဟိုအရင် ကထက်ပိုပြီး သဘောကျတယ်လို့ ပြောချင်တာပါပဲကွယ်။

ဘကြီးစိုး– ဟိုခေတ်ဟိုအခါတွေကထက် ပိုပြီးတရားနည်းလမ်းကျလို့ ပိုပြီးသဘောကျစရာ ကောင်းတဲ့ အချက်အလက်တွေ၊ အကြောင်းအရာတွေ၊ တစ်နည်းဆိုရရင် အသွင်သဏ္ဌာန်ရော အနှစ်သာရတွေရော ရှင်းပြစရာအများကြီး ရှိနေသေးတယ်လို့ ဘကြီးကလဲ ကြိုပြောထားချင်ပါတယ်။

စိုးမြကျော်– **ဟုတ်ကဲ့ပါ ဘကြီး။ ရွှေအကြောင်းဖယောင်းသက်သေတည် ဆိုသလိုပါပဲ။ ဒီနေ့ နိုင်ငံတော်တာဝန်ကို ယူထားရတဲ့ တပ်မတော်အစိုးရဟာ အနာဂတ်နိုင်ငံတော်အတွက် အမွေခံ ပတ်ဝန်းကျင်ကောင်းတွေ ပြန့်ပွားထွန်းကားလာအောင်၊ ဒီမိုကရေစီအခွင့်အလမ်းတွေ မျှမျှတတရအောင်၊ စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားအောင်၊ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနဲ့ ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားအောင် ဘယ်လိုဖော်ဆောင်ပေးနေတယ်ဆိုတာ နောင် ဖြစ်ပေါ်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေက ထပ်လောင်းသက်သေပြလိမ့်မယ်လို့ ကျွန်တော်တို့ လုံးဝဥဿုံ ယုံကြည်လျက် ရှိနေကြပါတယ်ခင်ဗျား။**

ဘကြီးစိုး– ကောင်းလေစွ၊ ကောင်းလေစွလို့ ဆိုလိုက်ချင်ပါတယ်ကွယ်။ ဒို့နိုင်ငံ အကြီးအကဲများနဲ့ အမျိုးသားညီလာခံကြီးက ဥပဒေပြုရေးမဏ္ဍိုင်ကို နက်နက်ရှိုင်းရှိုင်း ထဲထဲဝင်ဝင် ခိုင်ခိုင်မတ်မတ် စိုက်ထူပြီး မယိမ်းမယိုင် ကြံ့ကြံ့ခိုင်အောင် ဘယ်လိုဖွဲ့စည်း ပုံဖော်ပေးနေသလဲဆိုတာ ဒီ့ထက်ပိုပြီး အကျယ်ရှင်းပြမှ မြင်ကွင်းကျယ်ကျယ်နဲ့ အပ်ကျမပ်ကျ မြင်နိုင်မှာမို့ နောက်တစ်ပတ်ကျမှ ဆက်ကြသေးတာပေါ့ကွယ်။

စိုးမြကျော်– ကျေးဇူးအထူးတင်ပါတယ်လို့ ပြောကြားရင်း ဘကြီးနဲ့ကြီးကြီးတို့ကို ဂါရဝပြုပါရစေ။ ဒီနေ့ ဆွေးနွေးပွဲကနေ ကျွန်တော် ရရှိခံစားခဲ့ရတဲ့ သုတရသ နှစ်ဖြာသောအကျိုး၊ အမျိုးမျိုးသော ကျေးဇူးတရားတွေကို အများပြည်သူများ ဆင့်ပွားရရှိကြစေဖို့ ပြန်လည်မျှဝေ ပေးသွားပါဦးမယ် ခင်ဗျား။ ။

ကျင်းပလျက်ရှိသော အမျိုးသားညီလာခံကြီးတွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးအတွက် အခြေခံမူများနှင့် အသေးစိတ်အခြေခံ ရမည့်မူများကို ညီလာခံကိုယ်စားလှယ်များက ညှိနှိုင်းဆွေးနွေး ချမှတ် ပေးလျက်ရှိနေပါသည်။ အဆိုပါ အခြေခံမူများနှင့် အသေးစိတ် အခြေခံ ရမည့်မူများကို လေ့လာကြည့်ရှုခြင်းအားဖြင့် အနာဂတ်နိုင်ငံတော်၏ အသွင်သဏ္ဌာန်နှင့် အနှစ်သာရကို ရှုမြင်ပုံဖော် လာနိုင်မည်ဖြစ်ပါသည်။ ယင်းသို့ အနာဂတ်နိုင်ငံတော်၏ အသွင်သဏ္ဌာန်နှင့် အနှစ်သာရကို ရှုမြင်နိုင်ရေးအတွက် အမျိုးသားညီလာခံဆိုင်ရာ ဆောင်းပါးများကို နေ့စဉ်ဖော်ပြသွားမည်ဖြစ်ပါသည်။

မြန်မာ့မီးရထားအနေဖြင့် ၁၉၈၈ ခုနှစ်မတိုင်မီက ရထားလမ်းအရှည် ၁၉၇၆ ဒသမ ၃၅ မိုင်သာရှိခဲ့ ယနေ့ရထားလမ်းအရှည် စုစုပေါင်း ၃၀၆၉ ဒသမ ၉၆ မိုင်ဖြင့် ပြည်သူလူထုအကျိုး သယ်ပိုးပေးနေ

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့် ရွှေညောင်-တောင်ကြီး-ဆိုက်ခေါင်-နမ့်စန်-မိုးနဲ ရထားလမ်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

❐ စာမျက်နှာ ၇ မှ

ကြိုးစားပမ်းစား တည်ဆောက်နေခြင်းဖြစ်ကြောင်း၊ တိုင်းပြည်ကိုအခြားနိုင်ငံများ၏ နောက်မီးဆွဲဘဝမျိုး မရောက်ရအောင်၊ ကမ္ဘာတွင် ထည်ထည်ဝါဝါရပ်တည်ပြီး အစွန့်ရှည်တည်တံ့အောင်၊ နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ လူမှုရေးအရ ဘက်စုံမှ ဆက်လက်တည်ဆောက်၊ ကာကွယ်ပုံဖော်သွားကြရမှာဖြစ်ကြောင်း။

နိဂုံးချုပ်အားဖြင့် ယနေ့ ရွှေညောင်-တောင်ကြီး-ဆိုက်ခေါင်-နမ့်စန်-မိုးနဲ ရထားလမ်းကြီးကို တပ်မတော်သားများ၏ လုပ်အား၊ ရထားပို့ဆောင်ရေးဝန်ထမ်းများ၏ စွမ်းအား၊ ဒေသခံပြည်သူများ၏ ဝိုင်းဝန်းစောင့်ရှောက်အားပေးမှုအားစသည့် ပေါင်းစုအင်အားကြောင့် အောင်အောင်မြင်မြင် ဖောက်လုပ်ပြီးစီးခဲ့ပြီးဖြစ်သကဲ့သို့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရေးလုပ်ငန်းကိုလည်း အမျိုးသားရေးစွမ်းအား၊ အမျိုးသားရေးအားမာန်တို့ဖြင့် ညီညီညွတ်ညွတ် ဆက်လက်တည်ဆောက်သွားကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

အမှာစကားပြောကြား

ထို့နောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက အမှာစကားပြောကြားရာ၌ ယနေ့ဖွင့်လှစ်သည့်ရွှေညောင်-တောင်ကြီး-ဆိုက်ခေါင်-နမ့်စန်-မိုးနဲ ရထားလမ်းသည် လမ်းပန်းဆက်သွယ်မှု ခက်ခဲသည့် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ဘက်ခြမ်းကျေးရွာများနှင့် လွိုင်လင်ခရိုင် တောင်ဘက်ခြမ်းကျေးရွာများ တစ်ရွာနှင့်တစ်ရွာ၊ တစ်နေရာမှတစ်နေရာသို့ အဆင်ပြေချောမွေ့စွာ ကူးလူးဆက်သွယ်လာနိုင်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ **"တောနှင့်မြို့ ကွာဟမှု ကျဉ်းမြောင်းသွားစေရေးအတွက် ဆက်သွယ်သည့်လမ်းကြောင်းများ တိုးတက်ကောင်းမွန် အောင်ကြိုးစားဆောင်ရွက်ကြရန်၊ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေသည့် နယ်စပ် ဒေသများ၌ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်အောင် စီမံချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်"** စသည့် လမ်းညွှန်ချက်များနှင့်အညီ ဖောက်လုပ်ခဲ့သည့် ရထားလမ်းဖြစ်ကြောင်း။

ယခု ဖောက်လုပ်ပြီးစီးခဲ့သောရွှေညောင်-တောင်ကြီး-ဆိုက်ခေါင်-နမ့်စန်-မိုးနဲ ရထားလမ်းတွင် ရွှေညောင်မှ ပွန်ချောင်းအထိ အခြမ်း၌ ရွှေညောင်-တောင်ကြီး ရထားလမ်း ၂၀ ဒသမ ၈၁ မိုင်ကို ၂၄-၁၂-၁၉၉၇ ရက်နေ့တွင် လည်းကောင်း၊ တောင်ကြီး-ဖာမွန်း ရထားလမ်း ၆ ဒသမ ၂ မိုင်ကို ၂၇-၇-၁၉၉၆ ရက်နေ့တွင် လည်းကောင်း၊ ဖာမွန်း-ဘန်းယဉ်ရထားလမ်း ၂၇ ဒသမ ၄၂ မိုင်ကို ၄-၆-၁၉၉၆ ရက်နေ့တွင် လည်းကောင်း၊ ဘန်းယဉ်-ဆိုက်ခေါင် ရထားလမ်း ၇ ဒသမ ၆၃ မိုင်ကို ၃၀-၄-၂၀၀၁ ရက်နေ့တွင်လည်းကောင်း၊ ဆိုက်ခေါင်-ပြင်သာယာ ရထားလမ်း ၁၆ ဒသမ ၈ မိုင်ကို ၂၇-၃-၂၀၀၃ ရက်နေ့တွင် လည်းကောင်း၊ ပြင်သာယာ-ထီရိရထားလမ်း ၄ ဒသမ ၃ မိုင်ကို ၂၁-၃-၂၀၀၄ ရက်နေ့တွင် လည်းကောင်း၊ ထီရိ-ပွန်ချောင်းရထားလမ်း ၂၉ ဒသမ ၅ မိုင်ကို ၂၈-၁၁-၂၀၀၄ ရက်နေ့တွင်လည်းကောင်း၊ မိုးနဲမှပွန်ချောင်းအထိ အခြမ်း၌ မိုးနဲ-နမ့်စန်ရထားလမ်း ၂၇ ဒသမ ၅၆ မိုင်ကို ၁-၅-၁၉၉၅ ရက်နေ့တွင်လည်းကောင်း၊ နမ့်စန်-မိုင်းစိတ် ရထားလမ်း ၁၉ ဒသမ ၁၉ မိုင်ကို ၂၁-၇-၂၀၀၂ ရက်နေ့တွင် လည်းကောင်း၊ မိုင်းစိတ်-ကောင်ဆိုင်းရထားလမ်း ၁၀ ဒသမ ၂၃ မိုင်ကို ၂၀-၃-၂၀၀၄ ရက်နေ့တွင်လည်းကောင်း လမ်းပိုင်းအလိုက်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့တွင် ဖွင့်လှစ်ရန်ကျန်ရှိသော ပွန်ချောင်း-ကောင်ဆိုင်းရထားလမ်းပိုင်းအရှည်၂၇ ဒသမ ၅၇မိုင်ကို ဖောက်လုပ်ပြီးစီးပြီဖြစ်သည့်အတွက် ရွှေညောင်-တောင်ကြီး-ဆိုက်ခေါင်-နမ့်စန်-မိုးနဲရထားလမ်းကို တစ်ဆက်တစ်စပ်တည်း သွားလာနိုင်တော့မှာ ဖြစ်ကြောင်း။

ရှမ်းပြည်နယ်အတွင်း ၁၉၈၈ခုနှစ်မတိုင်မီက ရှမ်းပြည် နယ်(မြောက်ပိုင်း)ရှိ မန္တလေး-လားရှိုး ရထားလမ်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ သာစည်-ရွှေညောင်ရထားလမ်းတို့သာရှိခဲ့ကြောင်း၊ ၁၉၈၈ခုနှစ်နောက်ပိုင်းတွင် ရွှေညောင်-ရပ်စောက် ရထားလမ်း ၃၇ ဒသမ ၅ မိုင်ကို ၂၇-၃-၁၉၉၁ ရက်နေ့တွင် လည်းကောင်း၊ အောင်ပန်း-ပင်လောင်းရထားလမ်း ၄၈ ဒသမ ၅၈ မိုင်ကို ၇-၁-၁၉၉၃ ရက်နေ့တွင်လည်းကောင်း၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်ကို ဆက်သွယ်ဖောက်လုပ်ထားသော ပင်လောင်း-လွိုင်ကော် ရထားလမ်း ၅၃ ဒသမ ၃၄ မိုင်ကို ၂၇-၃-၁၉၉၃ ရက်နေ့တွင်လည်းကောင်း ဖောက်လုပ်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့ ဖွင့်လှစ်သည့် ရထားလမ်းသည် ရှမ်းပြည်နယ်အတွင်း နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်တွင် အသစ်ထပ်မံဖောက်လုပ်ပေးနိုင်ခဲ့သည့် ရထားလမ်းသစ်ကြီးတစ်ခုဟု ဆိုရမှာဖြစ်ကြောင်း၊ ဤရထားလမ်းတွင် ပွန်ချောင်းကိုဖြတ်၍ ရထားရောကားပါ သွားလာနိုင်သည့် ပွန်ချောင်းတံတားကြီးနှင့် တံတားငယ်ပေါင်း ၅၆၁စင်း၊ ဘူတာပေါင်း ၄၅ဘူတာတို့ကိုပါ တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ၁၉၈၈ ခုနှစ်မတိုင်မီက ရထားလမ်းအရှည် ၁၉၇၆ ဒသမ ၃၅ မိုင်သာရှိခဲ့ရာက ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် ရထားလမ်းများကို တိုးချဲ့ဖောက်လုပ်ခဲ့ရာ ယနေ့ဖွင့်လှစ်သည့် ရွှေညောင်-တောင်ကြီး-ဆိုက်ခေါင်-နမ့်စန်-မိုးနဲရထားလမ်းအပါအဝင် ရထားလမ်းအရှည် ၁၀၉၃ ဒသမ ၆၁ မိုင် တိုးချဲ့ဖောက်လုပ်နိုင်ခဲ့ကြောင်း၊ ယနေ့ ရထားလမ်းအရှည် စုစုပေါင်း ၃၀၆၉ ဒသမ ၉၆ မိုင်ဖြင့် ပြည်သူလူထုအကျိုးကို သယ်ပိုးပေးလျက်ရှိနေပြီဖြစ်ကြောင်းဖြင့် ပြောကြားသည်။

တိုက်ရိုက်သွားလာနိုင်

ဆက်လက်၍ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က အမှာစကားပြောကြားရာ၌ ရှမ်းပြည်နယ်(တောင်ပိုင်း)၏ ရွှေညောင်-တောင်ကြီး-ဆိုက်ခေါင်-နမ့်စန်-မိုးနဲ ရထားလမ်းကို ဖွင့်လှစ်ပေးလိုက်ပြီဖြစ်သည့်အတွက် ဒေသခံတိုင်းရင်းသားပြည်သူများ၏ လမ်းပန်း ဆက်သွယ်မှု ပိုမိုကောင်းမွန်လာသကဲ့သို့ ဒေသထွက်ကုန်များ ပို့ဆောင်ရောင်းဝယ်ရာတွင်လည်း ပိုမိုလျင်မြန်လာ

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ရွှေညောင်-တောင်ကြီး-ဆိုက်ခေါင်-နမ့်စန်-မိုးနဲ ရထားလမ်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စေပြီဖြစ်ကြောင်း၊ ယခင်ကသွားလာရန်ခက်ခဲသည့် တောင်ကြီးခရိုင်၊ လင်းခေးခရိုင်နှင့် လွိုင်လင်ခရိုင်အတွင်းရှိ တောင်ကြီး၊ ဆီဆိုင်၊ မောက်မယ်၊ မိုးနဲ၊ နမ့်စန်မြို့နယ်များအတွင်းရှိဒေသခံပြည်သူများအနေဖြင့် ရထားလမ်းကိုအသုံးပြုပြီး ခရီးသွားလာရေးနှင့် ကုန်စည်ပို့ဆောင်ရေးများကို အလွယ်တကူ ဆောင်ရွက်နိုင်ကြပြီဖြစ်ကြောင်း၊ တစ်နည်းပြောရလျှင် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိခရိုင်များအားလုံး မီးရထားလမ်းဖြင့် တစ်ဆက်တစ်စပ်တည်း သွားလာနိုင်ပြီဖြစ်သကဲ့သို့ ရန်ကုန်၊ မန္တလေးမြို့ကြီးများသို့လည်း ရထားဖြင့်တိုက်ရိုက်သွားလာနိုင်ပြီဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် ယခုကဲ့သို့ မီးရထားလမ်းများကိုသာ တိုးချဲ့ဖောက်လုပ်နေခြင်း မဟုတ်ဘဲ လမ်းတံတားများကိုလည်း တိုးချဲ့ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိကြောင်း၊ ယခုဆိုလျှင် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် (မြောက်ပိုင်း)ကို ဆက်သွယ်ပေးထားသော ရပ်စောက်-ကျောက်ဂူ-နောင်ချိုလမ်းသစ်၊ မန္တလေးတိုင်းနှင့် ဆက်သွယ်နေသည့် ဟန်မြင့်မိုရ်-ရွာငံလမ်း၊ ပင်လောင်း-ပျဉ်းမနားလမ်းတို့ကို အသုံးပြုပြီး သွားလာရေးလွယ်ကူနေပြီဖြစ်ကြောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ (မြောက်ပိုင်း)သို့ ဆက်သွယ်သည့် ဟိုပုံး-မိုင်းပျဉ်း-နောင်ဝိုး-နမ့်လန်လမ်းကိုလည်း ထပ်မံဖောက်လုပ်နေပြီဖြစ်ကြောင်း၊ ရှမ်းပြည်နယ်နှင့် ဆက်စပ်လျက်ရှိသော ပြည်နယ်၊ တိုင်းများအားလုံးသို့ အလွယ်တကူ သွားလာနိုင်ပြီဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် မိမိတို့ပြည်နယ်အတွက်လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရေးအတွက်သာမက ပညာရေး၊ကျန်းမာရေး၊စီးပွားရေး၊ လျှပ်စစ်ဓာတ်အားတိုးတက်ရရှိရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းကဏ္ဍ အသီးသီးကိုလည်း ကွက်လပ်မကျန်ရအောင် ဖြည့်ဆည်းစီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

တိုးချဲ့ဖွင့်လှစ်

ယခင်ကရှမ်းပြည်နယ်(တောင်ပိုင်း)၌ ရထားလမ်းအရှည် ၁၂၅မိုင်သာရှိခဲ့ကြောင်း၊ ယနေ့ကာလတွင် ရွှေညောင်-ရပ်စောက်ရထားလမ်း၊ အောင်ပန်း-ပင်လောင်းရထားလမ်း၊ ပင်လောင်း-လွိုင်ကော်ရထားလမ်း၊ ရွှေညောင်-တောင်ကြီး-ဆိုက်ခေါင်-နမ့်စန်-မိုးနဲရထားလမ်းတို့ကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း။

ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းအောင်အောင်မြင်မြင်ဖွင့်လှစ်လိုက်ပြီဖြစ်၍ ဒေသခံတိုင်းရင်းသားပြည်သူများအတွက် အမှန်တကယ် အကျိုးဖြစ်စေခဲ့ပြီဖြစ်ကြောင်း၊ ဤသည်မှာ ပြည်နယ်အတွင်းတည်ငြိမ်အေးချမ်းသာယာမှုရှိနေ၍ ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသခံတိုင်းရင်းသား မိဘပြည်သူအားလုံးကလည်း ရထားလမ်းရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် ဆက်လက်ထိန်းသိမ်းပေးကြရန်၊ နယ်မြေအေးချမ်းသာယာမှုကိုဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားကြရန်နှင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသောဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်ရေးတွင် တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းကြောင်းဖြင့်ပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူများကိုယ်စား နမ့်စန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဦးစိုင်းထွန်းအေးက ရွှေညောင်-တောင်ကြီး-ဆိုက်ခေါင်-နမ့်စန်-မိုးနဲ ရထားလမ်း တည်ဆောက်ဖွင့်လှစ်ပေးခြင်းအတွက် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်စကားပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရထားလမ်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် မင်္ဂလာအချိန် နံနက်၉နာရီ၁၅မိနစ်တွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့သည် ရွှေညောင်-တောင်ကြီး-ဆိုက်ခေါင်-နမ့်စန်-မိုးနဲ ရထားလမ်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီးနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့မီးရထားမှ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားတိုင်းရင်းသူများနှင့် ရထားလမ်းဖွင့်ပွဲ မုခ်ဦးရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများလိုက်ပါလျက် နမ့်စန်ဘူတာမှ ရထားစတင်ထွက်ခွာသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရထားစီး ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများ၊ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် နမ့်စန်ဘူတာကို ကြည့်ရှုစစ်ဆေးကြသည်။

နမ့်စန်ဘူတာ၌ကျင်းပသည့် ရထားလမ်းဖွင့်ပွဲ အခမ်းအနားတွင် ဒေသခံပြည်သူများသည် ကြက်ဆူပင် လွယ်ကူစွာ စိုက်ပျိုးဖြစ်ထွန်းနိုင်မှုများ၊ ကြက်ဆူဆီကို ဒီဇယ်အစားထိုး ဇီဝလောင်စာအဖြစ်အသုံးပြုနိုင်မှုများ ပြသထားသည့် ပြခန်းများကိုလည်း စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။

ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် နမ့်စန်ဘူတာ၌ကျင်းပသည့် ရထားလမ်းဖွင့်ပွဲအခမ်းအနားအပြီးတွင် ရထားလမ်းအခြေအနေ၊ ပွန်ချောင်းတံတားနှင့် တံတားကြီးများ တည်ဆောက်ထားမှုတို့ကို ရဟတ်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ဆီဆိုင်မြို့နယ် ဆိုက်ခေါင်ဘူတာသို့ ရောက်ရှိကြပြီး ဆိုက်ခေါင်ဘူတာရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည့် ရထားလမ်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေး ချီးမြှင့်ကြသည်။

တက်ရောက်

အဆိုပါ ဆိုက်ခေါင်ဘူတာ၌ ကျင်းပသည့် ရထားလမ်းဖွင့်ပွဲ အခမ်းအနားသို့ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ တောင်ကြီးခရိုင်နှင့်တောင်ကြီး၊ ဟိုပုံး၊ ဆီဆိုင်မြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ ဒေသခံ ပြည်သူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘင်ခရာ၊ ပန်းဖွားအက အဖွဲ့များ၊ တိုင်းရင်းသားရိုးရာအကအဖွဲ့များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက ရှမ်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးတို့အတွက် လမ်းပန်းဆက်သွယ်မှု အခြေခံများ တည်ဆောက်ခဲ့ပုံ၊ မော်တော်ကားလမ်းများရော ရထားလမ်းများကိုပါ တိုးချဲ့တည်ဆောက်ခဲ့ပုံ၊ ရှမ်းပြည်နယ်အပါအဝင် ပြည်ထောင်စုကြီး၏

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❐

ဒေသခံပြည်သူများကိုယ်စား ဆိုက်ခေါင်ကျေးရွာမှ ဦးခွန်အောင်ကျော်မြင့် ကျေးဇူးတင်စကား ပြောကြားစဉ်။ (သတင်းစဉ်)

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ပြပွဲ

နေ့ရက်	–	၃-၁-၂၀၀၆ မှ ၁၁-၁-၂၀၀၆
အချိန်	–	နံနက် (၀၉း၀၀)နာရီမှ ညနေ (၁၇း၀၀)နာရီ
နေရာ	–	တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့။

(မည်သူမဆိုအခမဲ့လာရောက်ကြည့်ရှုနိုင်ပါသည်။)

❐ စာမျက်နှာ ၁၀ မှ

နယ်မြေဒေသအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်လျက်ရှိပုံ၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရန် လိုအပ်ပုံတို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ဒေသခံပြည်သူများကိုယ်စား ဆိုက်ခေါင်ကျေးရွာမှ ဦးခွန်အောင်ကျော်မြင့်က ရွှေညောင်-တောင်ကြီး-ဆိုက်ခေါင်-နမ့်စန်-မိုးနဲ ရထားလမ်းဖွင့်လှစ်ပေးခြင်းအတွက်လည်းကောင်း၊ ရထားလမ်းတည်ဆောက်ရာတွင် ကျေးရွာများ၏ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးခဲ့မှုများနှင့် စပ်လျဉ်း၍ လည်းကောင်း နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ရှိပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

လိုက်လံနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် မင်္ဂလာအချိန်ကျရောက်သည်နှင့် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့သည် ရထားလမ်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီးနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဌာနဆိုင်ရာများ၊ ဒေသခံ တိုင်းရင်းသား၊တိုင်းရင်းသူများနှင့်အတူ ဖွင့်ပွဲမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဆိုက်ခေါင်ဘူတာမှ ရထားစတင်ထွက်ခွာရာ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ရထားဖြင့်လိုက်ပါကြသည့် ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများက နှုတ်ဆက်ကြသည်။ ယင်းနောက် ရထားလမ်းဖွင့်ပွဲအခမ်းအနားနံနက် ၁၁နာရီခွဲတွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂-၁-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	**အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈း၀၅	၆။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၁၀	၇။	အတီးပြိုင်ပွဲ
၈း၁၅	၈။	ဂုံညင်းတန်းတံတား
၈း၃၀	၉။	International News.
၈း၄၅	၁၀။	Grammar Made Easy.
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀	၃။	တေးဂီတအစီအစဉ်
၄း၄၅	၄။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (ရက္ခဗေဒအထူးပြု) (ရက္ခဗေဒ)
၄း၅၅	၅။	အကပဒေသာ
၅း၁၀	၆။	အတီးပြိုင်ပွဲ
၅း၂၀	၇။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာ အဆိုအကများ
၅း၃၀	၈။	မြန်မာစာ၊ မြန်မာစကား
၅း၄၀	၉။	တေးဂီတအစီအစဉ်(မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၆း၀၀	၁၀။	ညနေခင်းသတင်း
၆း၃၀	၁၁။	မိုးလေဝသအခြေအနေ
၆း၃၅	၁၂။	**နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "ရယ်ရွှင်ဆော့ပြေး ပုရွက်ဆိတ်လေး" (အပိုင်း-၅၁)**
၆း၅၅	၁၃။	စက်မှုစွမ်းအားခေတ်ကျော်လွှား
၇း၀၅	၁၄။	**နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်လှေကားထစ်လေးများ" (အပိုင်း-၂၆)**
၇း၃၅	၁၅။	(၅၈)နှစ်မြောက်လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၇း၄၅	၁၆။	အချုပ်အခြာအာဏာခွန့်ရှည်ကြာ ခိုင်မာစေမှုဒို့ရေးရှု "ရွှေအားကစား"
၈း၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့လက်ဆောင်" (အပိုင်း-၂၃)**
	၂၁။	နောက်တစ်နေ့အစီအစဉ်
	၂၂။	အစီအစဉ်ပြီး၏။

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်

(၁) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ စုစည်းလက်တွဲ ပူးပေါင်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရေး၊

(၂) ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ရေး၊

(၃) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး၊

(၄) စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံသစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံးက ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ရေး။

၂၀၀၆ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဗဟိုအဆင့် ကွန်ပျူတာပန်းချီ (အခြေခံပညာ အထက်တန်းနှင့် အလယ်တန်းအဆင့်) ပြိုင်ပွဲတွင် ပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဗဟိုအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁

၂၀၀၆ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲ ကျင်းပရေးဆပ်ကော်မတီက ကြီးမှူး၍ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်များနှင့်အညီ ၂၀၀၆ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဗဟိုအဆင့် ကွန်ပျူတာပန်းချီ (အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့်)ပြိုင်ပွဲကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၌ ကျင်းပသည်။

ကြည့်ရှုအားပေး

အဆိုပါပြိုင်ပွဲသို့ ၂၀၀၆ခုနှစ် (၅၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိနှင့် ကွန်ပျူတာ ပန်းချီပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ဆပ်ကော်မတီ အတွင်းရေးမှူး အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးစောလွင်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဆပ်ကော်မတီဝင်များ၊ ကွန်ပျူတာ ပန်းချီပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာပိုက်တင်၊ လုပ်ငန်းအဖွဲ့အတွင်းရေးမှူး ရန်ကုန်ကွန်ပျူတာတက္ကသိုလ် မော်ကွန်းထိန်း ဦးစောရွှေနှင့် အဖွဲ့ဝင်များ တက်ရောက်၍ ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများ၏ ဝင်ရောက်ဖြေဆိုမှုများကို လှည့်လည်ကြည့်ရှု အားပေးသည်။

ဝင်ရောက်ဖြေဆို

၂၀၀၆ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဗဟိုအဆင့် ကွန်ပျူတာပန်းချီ အခြေခံပညာ အထက်တန်းအဆင့်ပြိုင်ပွဲတွင် **"ခေတ်မီဖွံ့ဖြိုး တိုးတက်ဝေဆာ ပြည်မြန်မာ"** ခေါင်းစဉ်ဖြင့် ပြည်နယ်နှင့်တိုင်း အသီးသီးမှ ကျောင်းသား၊ ကျောင်းသူ ၁၇ဦး ဝင်ရောက်ဖြေဆိုကြပြီး အလယ်တန်း အဆင့်တွင် **"စုစည်းလက်တွဲ လွတ်လပ်ရေးအောင်ပွဲ"** ခေါင်းစဉ်ဖြင့် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ကျောင်းသား၊ ကျောင်းသူ ၁၆ ဦး ဝင်ရောက်ဖြေဆိုကြသည်။

ပြိုင်ပွဲတွင် ဆုရရှိသူများအား ၂၀၀၆ ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် အခမ်းအနားဖြင့် ဆုချီးမြှင့်မည်ဖြစ်သည်။ (သတင်းစဉ်)

လပွတ္တာမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဇန်နဝါရီ ၁

လပွတ္တာမြို့နယ်အသင်း (ရန်ကုန်) သင်းလုံးကျွတ် အစည်းအဝေးကို ရန်ကုန်မြို့ နှင်းဆီကုန်း ဘိုးဘွားရိပ်သာတွင် ဇန်နဝါရီ ၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ အသက်(၈၀)နှင့်အထက် အသင်းဝင်များ၊ အသင်းဝင် မိဘများကို ကန်တော့မည်ဖြစ်ပြီး ၂၀၀၄-၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများနှင့် နိုင်ငံတော်မှ ဂုဏ်ပြုခံရသူများအား ဆုချီးမြှင့်မည်ဖြစ်သည်။

လပွတ္တာမြို့နယ်တွင်လည်း ဇန်နဝါရီ ၂၁ရက်(စနေနေ့)တွင် ကျင်းပမည်ဖြစ်ရာ အပူဇော်ခံ သက်ကြီးများနှင့် ဆုရသူများ၏ စာရင်းကို ဇန်နဝါရီ ၈ရက် နောက်ဆုံးထား၍ အသင်းတိုက် တာဝန်ခံထံ စာရင်းပေးပို့ကြရမည်ဖြစ်သည်။ အလှူငွေနှင့် ပစ္စည်းများအား ဥက္ကဋ္ဌ ဦးအောင် ဖုန်း-၅၇၃၂၈၀၊ ဒုတိယဥက္ကဋ္ဌ ဦးဟန်စိန် ဖုန်း-၅၄၁၈၀၆၊ ဒုတိယဥက္ကဋ္ဌ ဦးတင် ဆန်း ဖုန်း-၂၂၈၃၉၅၊ အတွင်းရေးမှူး ဦးခင်မောင်လေး ဖုန်း-၀၉၈၀-၃၂၅၄၇ နှင့် အသင်းတိုက် ဖုန်း-၂၂၂၀၈၈တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။ (က-ပ)



ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော ဗက္ကလိပ်ကျေးရွာ (၄)လက်မအဝီစိတွင်းတူးဖော်ပြီးစီးမှုကို ဒီဇင်ဘာ ၂၈ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင်နှင့် အဖွဲ့ကကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ထွန်းတို့က ရှင်းလင်းတင်ပြစဉ်။(မြို့နယ်စည်ပင်)

ဒဂုံတက္ကသိုလ် ပထမဦးဆုံး မြန်မာစာအထူးပြု ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့် တွေ့ဆုံပွဲကို ဒီဇင်ဘာ ၃၁ ရက်က တောင်ဥက္ကလာပမြို့နယ် မဟာမုနိစေတီမွှာရုံတွင် ကျင်းပရာ ဆရာ၊ ဆရာမကြီးများအား ပူဇော်ကန်တော့ကြစဉ်။ (၆၃)

● **ရန်ကုန်တိုင်းမှ**

အခမ်းအနားတွင် အခမ်းအနားမှူးများအဖြစ် လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မထက်ထက်အောင်နှင့် သတ္တမတန်းကျောင်းသူ မမေအိန္ဒြာကျော်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားအစီအစဉ်များကို မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာတို့ဖြင့် ကြေညာသည်။

ဖျော်ဖြေ

ယင်းနောက် စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူလေးများက **"အပျိုတော်ယိမ်း"**ဖြင့်လည်းကောင်း၊ ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူလေးများက **"ပညာဖြိုးဝေ၊ တို့မြန်ပြည်"** အဆိုအကဖြင့်လည်းကောင်း၊ ဒဂုံမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ အကြားအာရုံချို့ယွင်းသော တက္ကသိုလ်ဝင်တန်းကျောင်းသား မောင်ရဲလွင်ဦးနှင့် နဝမတန်းမှ စောမန်းအေးတို့က **"မင်းသားပြိုင်အက"**ဖြင့်လည်းကောင်း သီဆိုကပြ ဖျော်ဖြေကြပြီး ၂၀၀၅-၂၀၀၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များ၊ ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ပြည်လမ်းရှိ စိန်ရတုခန်းမ၌ ကျင်းပသော ပညာရေးဝန်ကြီးဌာန ၂၀၀၅-၂၀၀၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် အထိမ်းအမှတ်ပြခန်းကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

အောင်ဘာလေ သိန်း ၅၀၀ ကံထူးရှင်ရွေးချယ်

ရန်ကုန် ဇန်နဝါရီ ၁

(၂၀၄)ကြိမ်မြောက် ကျပ် ၁၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသည့် ဆုကြီးများစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

ကျပ်သိန်း ၅၀၀ အထူးဆု

ဘ - ၃၀၁၀၅၇

ကျပ်သိန်း ၃၀၀ ဆုများ

ပ - ၇၅၄၇၃၁
စ - ၆၁၄၂၅၅

ကျပ်သိန်း ၂၀၀ ဆုများ

ဓ - ၅၉၂၆၁၈
ဃ - ၉၅၄၄၅၂
ထ - ၆၁၉၈၀၃
ဃ - ၅၂၂၀၄၇

ကျပ်သိန်း ၁၀၀ ဆုများ

ဌ - ၇၄၄၂၄၆
ဓ - ၁၀၄၀၀၅
န - ၁၂၆၇၈၃
ဖ - ၁၈၉၅၆၃
ဆ - ၄၅၉၃၅၀

ကျပ်သိန်း ၁၀၀
ယူနစ်(မင်္ဂလာစုံတွဲ)ဆုများ

န - ၉၂၂၆၁၇
ဍ - ၇၆၃၉၉၁
ပ - ၅၇၇၈၂၉
ဗ - ၆၃၅၀၉၉
ဏ - ၉၁၇၇၀၇
ပ - ၅၄၅၄၉၈
ခ - ၂၂၈၈၈၂
ဘ - ၇၂၇၄၇၃
ဖ - ၁၈၅၃၄၆
ဓ - ၂၃၆၉၅၉
ဃ - ၈၄၄၆၅၁
ပ - ၉၃၈၇၀၉
ဏ - ၆၂၁၀၉၁
ဒ - ၉၁၃၆၂၃
ပ - ၆၆၆၈၂၉

ရန်ကုန်မြို့၏အပူချိန်

၁-၁-၂၀၀၆

အမြင့်ဆုံးအပူချိန်
၃၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်

အနိမ့်ဆုံးအပူချိန်
၁၃ ဒသမ ၈ ဒီဂရီစင်တီဂရိတ်

နှင်းဆီကုန်း ဘိုးဘွားရိပ်သာ သုံးထပ်ဆောင်ရုံသစ်ကြီးအတွက် ရန်ကုန်မြို့ ကျောက်မြောင်းကြီးရပ်ကွက် နတ်စင်လမ်းနေ ဦးသောင်းညွန့်-ဒေါ်ကြင်လှိုင် မိသားစုက ဒေါ်ကြင်လှိုင်၏ အသက် (၇၁)နှစ်ပြည့်မွေးနေ့အတွက် အလှူငွေကျပ်တစ်သိန်းကို အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၁-၂၀၀၆ (တနင်္လာနေ့)

၇း၀၀ MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅ Business Talk (ဦးမျိုးမြတ်သူ၊ ဦးစိုးမြင့် (FMI)
၇း၄၅ တေးဂီတအစီအစဉ်
၇း၅၀ မျိုးဆက်သစ်ပန်းချီဆရာလေး ဗင်းဆင့်မင်းလွင်
၈း၁၀ တေးဂီတအစီအစဉ်
၈း၁၅ မေးကြည့်ဖြေကြည့်ပဟေဠိ
၈း၄၀ တေးဂီတအစီအစဉ်
၈း၄၅ နိုင်ငံတကာသတင်းအကျဉ်း
၈း၅၀ မိသားစုတနင်္ဂနွေ (တိုင်းရင်းသားကျေးရွာ)
၉း၁၅ တေးဂီတအစီအစဉ်
၉း၂၀ ပြည်တွင်းသတင်းအကျဉ်း
၉း၂၅ တေးဂီတအစီအစဉ်
၉း၃၀ ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)၏ နဝမအကြိမ်မြောက် ဘွဲ့ယူကျောင်းသား၊ ကျောင်းသူများ၏ပန်းချီပန်းပု လက်ရာမွန်ပြပွဲ
၉း၅၅ တေးဂီတအစီအစဉ်
၁၀း၀၀ မိုးလေဝသခန့်မှန်းချက်
၁၀း၀၅ မြန်မာစာ၊ မြန်မာစကား
၁၀း၁၅ တေးဂီတအစီအစဉ်
၁၀း၂၀ ချောင်းမကြီး မြို့လှရေလှောင်တမံ
၁၀း၂၅ တေးဂီတအစီအစဉ်
၁၀း၃၀ ပြည်တွင်းသတင်းအကျဉ်း
၁၀း၃၅ ဗွီစီဒီမိတ်ဆက် (မျိုးကြီး-ဆန့်ကျင်ဘက်)
၁၀း၅၅ နိုင်ငံအကျိုး သယ်ပိုးဆောင်ရွက် စစ်တောင်းစက္ကူစက်
၁၁း၀၅ တေးဂီတအစီအစဉ်
၁၁း၁၀ နိုင်ငံတကာသတင်းအကျဉ်း
၁၁း၁၅ အာဟာရနှင့်ကျန်းမာရေး (ကျောက်ဘီလူး တင်မောင်ဆွေနှင့် တွေ့ဆုံခြင်း)
၁၁း၄၀ တေးဂီတအစီအစဉ်
၁၁း၄၅ အမျိုးသမီးများတွင် အဖြစ်များသော ကင်ဆာရောဂါများ (သားအိမ်ခေါင်းကင်ဆာ၊ သားမြတ်ခေါ် ရင်သားကင်ဆာ)
၁၂း၀၀ MRTV-4 အပိတ် Logo

အထက်ပါ ငါးနာရီစာ အစီအစဉ်များကို ည (၂၃း၀၀) နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League
ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်
၆း၂၅	West Brom - Aston Villa
လိုင်း	5-Cartoons (Live)
၇း၀၀	EPL ပွဲကြိုသုံးသပ်ချက်
လိုင်း	5-Sports (Live)
၇း၁၀	West Ham - Chelsea
လိုင်း	5-Sports (Live)
၇း၂၅	Fulham - Sunderland
လိုင်း	5-Movies (Live)
၉း၂၅	Bolton - Liverpool
လိုင်း	5-Sports (Live)
	Newcastle - Middles-brough
လိုင်း	5-Cartoons (Live)
	Birmingham - Wigan
လိုင်း	5-Movies (Live)
၁၁း၃၀	Everton - Charlton
လိုင်း	5-Sports (SDD)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂-၁-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅ ၆။ မျိုးချစ်တပ်မတော်
၄း၅၀ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅း၄၅ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ မိုးလေဝသသတင်း
၆း၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်အဓိပ္ပာယ်လေးတော့အမျိုးမျိုး ဖွင့်ကြပါလိမ့်မယ်"(အပိုင်း-၅၄)**
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၇။ မေးမြန်းစူးစမ်း
၁၈။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၁၉။ **English Premier League ဘောလုံးပွဲ Bolton Wanderers Vs˚Liverpool (Live)**
၂၀။ သင့်အတွက်မနက်ဖြန်
၂၁။ အပိတ်နှုတ်ဆက်စကား
၂၂။ ပြီးပါပြီ။

မြောင်းမြမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုနှင့် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၅ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ဧရာဝတီတိုင်း ဓမ္မာရုံ၌ကျင်းပမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

(က-ပ)

အမျိုးသားညီလာခံကိုယ်စားလှယ်များ ညီလာခံနားရက်များ၌ တပ်မတော်စစ်သမိုင်းပြတိုက်နှင့် အမျိုးသားပြတိုက် လေ့လာကြည့်ရှု

ရန်ကုန် ဇန်နဝါရီ ၁

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံတွင် တက်ရောက်နေကြသော အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၏ စီစဉ်မှုဖြင့် အမျိုးသားညီလာခံနားရက်ဖြစ်သည့် ယမန်နေ့(စနေနေ့)နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ တပ်မတော်စစ်သမိုင်းပြတိုက်နှင့် အမျိုးသားပြတိုက်တို့သို့ သွားရောက်လေ့လာကြည့်ရှုကြပြီး ယနေ့(တနင်္ဂနွေနေ့) မွန်းလွဲပိုင်းတွင် ခရစ်ယာန်ဘာသာဝင် ညီလာခံကိုယ်စားလှယ်များသည် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ ဂျပ်ဆင်ဘုရားရှိခိုးကျောင်းသို့ သွားရောက်၍ ဝတ်ပြုဆုတောင်းကြသည်။

ရှေးဦးစွာ အမျိုးသား ညီလာခံကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီမှ တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော် စစ်သမိုင်းပြတိုက်သို့ ရောက်ရှိလာကြရာ တပ်မတော်မော်ကွန်းတိုက်မှူးရုံးမှ ဒုတိယဗိုလ်မှူးကြီး ဇော်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဆက်လက်၍ တပ်မတော် စစ်သမိုင်းပြတိုက် ဥပစာခန်းမ၌ တပ်မတော်စစ်သမိုင်းပြတိုက်မှ ဗိုလ်မှူးကျော်ကျော်မြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး တပ်မတော် စစ်သမိုင်းပြတိုက်၌ ခင်းကျင်းပြသထားသော ပြခန်းပြကွက်များနှင့်စပ်လျဉ်းသည်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသား ညီလာခံကိုယ်စားလှယ်များသည် ပြတိုက်မြေညီထပ်၌ ခင်းကျင်းပြသထားသော နိုင်ငံတော် ဦးတည်ချက်(၁၂)ရပ် ပြခန်းနှင့် ပထမထပ်နှင့် ဒုတိယထပ်တို့၌ ခင်းကျင်းပြသထားသော ဝန်ကြီးဌာနများပြခန်း၊ တပ်မတော် (ကြည်း၊ရေ၊လေ)ပြခန်းများ၊ တိုင်းစစ်ဌာနချုပ်များ၏ ပြခန်းများနှင့် ကာကွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံးများ၏ ပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ထိုမှတစ်ဆင့် အမျိုးသား ညီလာခံကိုယ်စားလှယ်များသည် နံနက် ၉နာရီ ၃၅မိနစ်တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်သို့ ရောက်ရှိလာကြရာ ယဉ်ကျေးမှု ဝန်ကြီးဌာန ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းဆွေ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ကြိုင်၊ ညွှန်ကြားရေးမှူး ဒေါ်နုမြဲဇံနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး သီဟာသနပလ္လင်ခန်းမ၌ ညွှန်ကြားရေးမှူး ဒေါ်နုမြဲဇံက ကြိုဆိုနှုတ်ဆက်စကား ပြောကြားကာ သီဟာသနပလ္လင်နှင့် ပလ္လင်ရှစ်ခန်းပြတိုက်၌ ခင်းကျင်းပြသထားသော ပြခန်းပြကွက်များနှင့် စပ်လျဉ်းသည်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသား ညီလာခံကိုယ်စားလှယ်များသည် အမျိုးသားပြတိုက်၌ ခင်းကျင်း ပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာကြရာ ပြခန်းအလိုက် တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ထို့အတူ ခရစ်ယာန် ဘာသာဝင် အမျိုးသား ညီလာခံ ကိုယ်စားလှယ်များသည် အမျိုးသား ညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာ ချထားရေးဆပ်ကော်မတီမှ တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ ဂျပ်ဆင်ဘုရားရှိခိုးကျောင်းသို့ ရောက်ရှိကြရာ မြန်မာနိုင်ငံ နှစ်ခြင်း ခရစ်ယာန်အသင်းချုပ် ဒုတိယဥက္ကဋ္ဌ သိက္ခာတော်ရ ဆရာ ဦးအာသာကိုက ကြိုဆိုနှုတ်ဆက်စကား ပြောကြားသည်။

ထို့နောက် ဘုရားရှိခိုးခန်းမ၌ မြန်မာနိုင်ငံ နှစ်ခြင်း ခရစ်ယာန်အသင်းချုပ်မှ သိက္ခာတော်ရ ဆရာ ဦးကျော်မူးက ပဏာမကျမ်းစာဖတ်ခြင်းနှင့် ဆုတောင်းခြင်းပြုပြီး ခရစ်ယာန် ဘာသာဝင် ညီလာခံ ကိုယ်စားလှယ်များက ခရစ်ယာန် ဓမ္မတေးဖြင့် ချီးမွမ်းပူဇော် ဝတ်ပြုကြသည်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ကိုယ်စားလှယ်များ ကမာရွတ်မြို့နယ်ရှိ ဂျပ်ဆင် ဘုရားရှိခိုးကျောင်းတွင် ဝတ်ပြုဆုတောင်းကြစဉ်။ (သတင်းစဉ်)

အလှူငွေပေးအပ်ပွဲတွင် ဓာတ်တော်များဖြန့်ဝေမည်

ရန်ကုန် ဇန်နဝါရီ ၁

တကောင်း လေးမျက်နှာ ဘုရားကြီးနှင့် ပုဂံရှေးဟောင်း ဘုရားပုထိုးများ ပြန်လည်ပြုပြင်တည်ဆောက်ရန် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၆ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ယဉ်ကျေးမှုဝန်ကြီးဌာန၌ ကျင်းပမည်ဖြစ်ရာ ထိုအခမ်းအနားသို့ တက်ရောက်လာကြသော အလှူရှင် ကုသိုလ်ရှင်များ ပူဇော်ကြည်ညိုနိုင်ရန်အတွက် တကောင်းဓာတ်တော်များကို ကုသိုလ်ဖြစ်ဖြန့်ဝေလှူဒါန်းမည်ဖြစ်သည်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ကိုယ်စားလှယ်များ တပ်မတော်စစ်သမိုင်းပြတိုက်တွင် ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ဆေးတက္ကသိုလ်(၂)အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁

ဆေးတက္ကသိုလ်(၂) ရန်ကုန် ၁၉၈၁-၈၆ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူဟောင်းများ ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် သိမ်ဖြူလမ်း မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမ(အေ)တွင် ကျင်းပမည်ဖြစ်သည်။

အပူဇော်ခံ ဆရာ၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် ယင်းနေ့ညနေ ၆နာရီတွင် Western Park စားသောက်ဆိုင်တွင် ကျင်းပမည့် မိတ်ဆုံစားပွဲသို့လည်း တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။ အလှူငွေနှင့် ပစ္စည်းများကို ဒေါက်တာဇော်ဝင်း ဖုန်း-၀၉၅ ၁၁၄၅၄၈၊ ဒေါက်တာဇော်ဝေစိုး ဖုန်း-၀၉ ၅၀၀၅၇၃နှင့် ဒေါက်တာ ညွန့်ညွန့် စိန် ဖုန်း-၅၅၈၄၀၁တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က-ပ)

ထူးခြားသည့် ညအပူချိန်များ

၁-၁-၂၀၀၆

ဟားခါး

(-၄) ဒီဂရီ စင်တီဂရိတ်

မင်းတပ်၊ ပင်လောင်းနှင့် ပြင်ဦးလွင်

၄ ဒီဂရီ စင်တီဂရိတ်စီ

အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ်(၂၄)ဖွင့်

ရန်ကုန် ဇန်နဝါရီ ၁

အင်းစိန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ကြီးမှူးဖွင့်လှစ်သော အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ်(၂၄/၂၅) ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းတည့် ၁၂နာရီတွင် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သင်တန်းခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တိုင်းအလုပ်အမှုဆောင် ဦးဆွေအောင်က တက်ရောက် အမှာစကားပြောကြားသည်။ အခမ်းအနားတွင် မြို့နယ်အသင်း အတွင်းရေးမှူး ဦးတင့်လွင်၊ တွဲဖက်အတွင်းရေးမှူး ဦးဇော်မြင့်တို့က အလှူငွေများလက်ခံကာ အင်းစိန်မြို့နယ် သတင်းထောက်ဦးစိုးဝင်း(စဉ့်ကူစိုးဝင်း)က သတင်းဘာသာရပ်များပို့ချသည်။ **(အပေါ်ပုံ)**

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၈၀ တက်ရောက်ကာ ရှစ်ရက် ကြာမြင့်မည်ဖြစ်သည်။ (ဖြ)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၁)ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၁) နှစ်သစ်ကူးနှစ်ပတ်လည် အထူးထုတ်တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ ၂၀၀၄ ခုနှစ် ရုပ်ရှင်ထူးချွန်ဆု အကယ်ဒမီသတင်းဓာတ်ပုံများ၊ ဂျပန်နိုင်ငံထုတ် စီအင်နဂျီ ဓာတ်ငွေ့သုံးကားများကို မြန်မာနိုင်ငံဈေးကွက်သို့ ပြည်တွင်း ပုဂ္ဂလိကကုမ္ပဏီတစ်ခုက ပထမဆုံးတင်သွင်း၊ မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းရှိ သွင်းကုန်ယာဉ်စစ်ဆေးရေးအဆောက်အအုံ ၂၀၀၆ ခုနှစ်ဆန်းတွင် ဖွင့်လှစ်မည်၊ ဂျပန်မျိုးဗီဇသုတေသနပညာရှင် မြန်မာနိုင်ငံမှ နွားနောက်များနှင့် တိုင်းရင်းကြက်များအကြောင်း စာတမ်းတင်သွင်းရန်စီစဉ်နေ စသည့် ပြည်တွင်း သတင်းဦး သတင်းထူးများအပြင် နှစ်ပတ်လည် ပြည်တွင်း နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး သုံးသပ်ချက် သတင်းဆောင်းပါး ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိသည်။

၂၀၀၅ခုနှစ်၏ ထူးခြားထင်ရှား ကမ္ဘာ့ဖြစ်ရပ်များ၊ ဂူးဂဲလ်ယန္တရားကို တီထွင်သူနှစ်ဦးကို ၂၀၀၅ခုနှစ် အမျိုးကောင်းသားအဖြစ် ဖိုင်နင်ရှယ်တိုင်းမ်က ရွေးချယ်၊ ၂၀၀၅ခုနှစ် သိပ္ပံတွေ့ရှိချက်များတွင် ဆင့်ကဲဖြစ်စဉ် ထိုးဖောက်ကျော်လွှားမှုက ထိပ်ဆုံးနေရာကိုယူ၊ ၂၀၀၆ တွင် ကမ္ဘာ့ရေနံဝယ်လိုအား လျော့ကျမည်ဟု အိုပက်အကြီးအကဲ ပြောကြား၊ ကျော်ကြားသူတို့၏ ၂၀၀၅၊ ၂၀၀၆ ခုနှစ် နိုင်ငံတကာအနာဂတ်ဒိုင်ယာရီ စသည့် နိုင်ငံတကာသုံးသပ်ချက် သတင်းဆောင်းပါးများ အပါအဝင် ပါဝင်နေကျ ပုံမှန်ကဏ္ဍများစွာဖြင့် e-Empire Media House ဖုန်း-၅၀၀၇၁၂ က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီ ဖြစ်သည်။ (က-ပ)

သန်လျင်မြို့ မြို့ဟောင်း အလကမှ ပညာရည်ထူးချွန်သော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်နိုင်ရန် အလှူရှင်များ၏ လှူဒါန်းငွေကျပ် ၁၇၂၅၀၀ကို ဒီဇင်ဘာ ၁၈ရက်က ကျောင်းခန်းမ၌ပေးအပ်လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင် ဒေါ်ခိုင်မာမြင့် လက်ခံရယူစဉ်။ (၅၂၇)

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

အနာဂတ်နိုင်ငံတော်သစ်ထူထောင်ရေး ပြည်ထောင်စုကြီး၏ဒေသအားလုံး ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာချမှတ်ဆောင်ရွက်နေ ပြည်ထောင်စုကြီးတစ်ရပ်လုံးအတွက် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို ကွက်ပြည့် တစ်ပြိုင်တည်း ထူထောင်ပေးလျက်ရှိ တိုင်းပြည်ကို အခြားနိုင်ငံများ၏ နောက်မြီးဆွဲဘဝမရောက်အောင် ကမ္ဘာတွင် ထည်ထည်ဝါဝါရပ်တည်ပြီး အစွမ်းရှည်တည်တံ့အောင် နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ လူမှုရေးအရ ဘက်စုံမှ ဆက်လက်တည်ဆောက်ကာကွယ် ပုံဖော်သွားကြရမှာဖြစ်

▲ **ရှေ့ဖုံးမှ**

ရှေးဦးစွာ နမ့်စန်မြို့နယ် နမ့်စန်ဘူတာရှိ မင်္ဂလာမဏ္ဍပ်၌ နံနက် ၈ နာရီခွဲတွင် ရွှေညောင်–တောင်ကြီး–ဆိုက်ခေါင်–နမ့်စန်–မိုးနဲ ရထားလမ်းဖွင့်ပွဲကို စတင်ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့ – အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် သက်ဆိုင်ရာဌာနများမှ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)မှ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ လွိုင်လင်ခရိုင်၊ လင်းခေးခရိုင်နှင့် လွိုင်လင်၊ နမ့်စန်၊ လဲချား၊ မိုင်းကိုင်၊ ကွန်ဟိန်း၊ ပင်လုံ၊ မိုးနဲ၊ မောက်မယ်မြို့နယ်တို့မှ ခရိုင်နှင့်

စာမျက်နှာ ၆ ကော်လံ ၁ သို့ ✻

ရွှေညောင်–တောင်ကြီး–ဆိုက်ခေါင်–နမ့်စန်–မိုးနဲ ရထားလမ်းဖွင့်ပွဲတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ၊ မြန်မာ့မီးရထားမှ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ပညာရေးစုံညီပွဲတော်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၁

ပညာရေးဝန်ကြီးဌာန ၂၀၀၅–၂၀၀၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ စိန်ရတုခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ချီးမြှင့်သည်။

ဖွင့်ပွဲအခမ်းအနားသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌွေးဦး၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များမှ မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာ ဆရာမကြီးများနှင့် ဆရာ ဆရာမများ၊ ထူးချွန်ဆုရ ကျောင်းသားကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနား ပထမပိုင်းအစီအစဉ်ကို စိန်ရတုခန်းမ ဥပစာရှေ့၌ ကျင်းပရာ အခမ်းအနားမှူးများအဖြစ် လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသူ မဟန်မွန်မျိုးဟိန်းနှင့် အဋ္ဌမတန်းကျောင်းသူ မဆုလာဘ်ရတနာတို့က ဆောင်ရွက်ကြပြီး အခမ်းအနားအစီအစဉ်များကို မြန်မာနှင့် အင်္ဂလိပ်ဘာသာတို့ဖြင့် ကြေညာသည်။

အစီအစဉ်အရ ရှေးဦးစွာ ၂၀၀၅–၂၀၀၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ပြည်နယ်နှင့်တိုင်းကိုယ်စားပြု ကျောင်းသား၊ ကျောင်းသူ ၁၄ ဦးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး အခြေခံပညာ ကျောင်းသား၊ ကျောင်းသူလေးများက မိုးပျံပူဖောင်းများကို လွှတ်တင်ပေးကြကာ ကျောင်းသား၊ ကျောင်းသူများက "မြန်မာ့ကျောင်း"သီချင်းဖြင့် ဂုဏ်ပြုသီဆိုကြသည်။

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် စိန်ရတုခန်းမ တတိယထပ်၌ ခင်းကျင်းပြသထားသည့် ၂၀၀၅–၂၀၀၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် အထိမ်းအမှတ်ပြခန်းကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် စိန်ရတုခန်းမ တတိယထပ်၌ ကျင်းပသည့် ၂၀၀၅–၂၀၀၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ဂီတဖျော်ဖြေမှုနှင့် ကျွမ်းကျင်မှုပြပွဲ အခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးကြသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ●

ခေါင်းကြီး၊ ကဗျာ၊ ဆောင်းပါး အညွှန်း

☆ **(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်များသည် နိုင်ငံသူ၊ နိုင်ငံသားတိုင်းက ပစ္စုပ္ပန်တွင်ရော အနာဂတ်ကာလ၌ပါ စွဲမြဲယုံကြည် လေးနက်စွာ ဦးလည်မသုန် ထမ်းဆောင်ကြရမည့် အမျိုးသားရေးတာဝန်များ ဖြစ်ပေသည်။**
(ခေါင်းကြီး) (စာမျက်နှာ–၂)

☆ **(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုကဗျာ** ဖိုးရန်နိုင်(ကျောက်ကြီး)၏ **"လွတ်လပ်ရေးနှင့်ဒို့တာဝန်"**
(စာမျက်နှာ–၃)

☆ **ပြည်ထောင်စုကြီး တစ်ခုလုံးအတွက် ခြုံငုံစဉ်းစားသလို နယ်မြေဒေသအသီးသီးအတွက်ပါ သီးခြားစီ စဉ်းစားပြီး သင့်တော်မှန်ကန်တဲ့ ဥပဒေပြုခွင့်တွေကို အကြောင်းအရာအလိုက် ပိုင်းခြားသတ်မှတ် ပေးထားတာဟာ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးရဲ့အကျိုးကို ဦးစားပေး ရေးရှုထားတာဖြစ်ကြောင်း ပေါ်လွင်ထင်ရှားနေပါတယ်။**
စိုးမြကျော်၏ **"အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှု အသွင်သဏ္ဌာန်နှင့် အနှစ်သာရ အပိုင်း(၁)"**
(ဆောင်းပါး) (စာမျက်နှာ–၈၊ ၉)